# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်
## (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၄၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၇၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၇-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၄ ရက်၊

(၃) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၁ ရက်၊

(၄) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၅ ရက်၊

(၅) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၆) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၄ ရက်၊

(၈) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၄ ရက်၊

(၉) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၄ ရက်၊

(၁၀) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၂ ရက်၊

(၁၁) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၄ ရက်၊

(၁၂) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၄ ရက်၊

(၁၃) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၁၄) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၁ ရက်၊

(၁၅) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၄ ရက်၊

(၁၆) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၄ ရက်၊

(၁၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၁၈) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊

(၁၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၂၀) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၄ ရက်၊

(၂၁) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၂၂) ဘုရားသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၄ ရက်၊

(၂၃) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၂၄) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၂ ရက်၊

(၂၅) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၂ ရက်၊

(၂၆) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၃ ရက်၊

(၂၇) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၄ ရက်၊

(၂၈) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၄ ရက်၊

**မူကြမ်း**

(၂၉) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၄ ရက်၊

(၃၀) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၃၁) မိုးညှိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၄ ရက်၊

(၃၂) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၂ ရက်၊

(၃၃) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၃၄) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၄ ရက်၊

(၃၅) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၃၆) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၄ ရက်၊

(၃၇) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၃၈) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၄ ရက်၊

(၃၉) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၁ ရက်၊

(၄၀) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၄ ရက်၊

(၄၁) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၃ ရက်၊

(၄၂) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၄၃) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၄ ရက်၊

(၄၄) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၄ ရက်၊

(၄၅) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၄၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊

(၄၇) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၄ ရက်၊

(၄၈) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၄ ရက်၊

(၄၉) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၄ ရက်၊

(၅၀) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၁ ရက်၊

(၅၁) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၄ ရက်၊

(၅၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်မြင့် ခွင့် ၁ ရက်၊

(၅၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ပိုင်ဦး ခွင့် ၂ ရက်၊

**မူကြမ်း**

(၅၄) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၅၅) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၅၆) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၄ ရက်၊

(၅၇) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၅၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၄ ရက်၊

(၅၉) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၂ ရက်၊

(၆၀) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၆၁) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ခွင့် ၄ ရက်နှင့်

(၆၂) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၆၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကမာရွတ်မြို့နယ် လှည်းတန်းမီးရထား ခုံးကျော်တံတားအား လေးလမ်းသွားတံတားအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်အတွင်းရှိ လှည်းတန်းမီးရထားခုံးကျော်တံတားသည် နှစ်လမ်းသွားတံတားဟောင်းတစ်ခုဖြစ်သဖြင့် လှည်းတန်းလမ်းမကြီးမှမောင်းလာသော ယာဉ်များအတွက် ကျဉ်းမြောင်းနေပြီး ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်လျက်ရှိနေပါသောကြောင့် မြို့အင်္ဂါရပ်နှင့်အညီ အဆိုပါတံတားအား လေးလမ်းသွားတံတားအဖြစ် တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်အတွင်းမှာရှိတဲ့ လှည်းတန်းမီးရထား ခုံးကျော်တံတားဟာ ခေတ်အဆက်ဆက်နှစ်ပေါင်းများစွာ အသုံးပြုခဲ့တဲ့ နှစ်လမ်းသွားတံတားဟောင်းတစ်ခုဖြစ်ပါတယ်။ ယခင်လှည်းတန်းလမ်းမမှာလည်း နှစ်လမ်းသွားလမ်းဖြစ်တဲ့အတွက်ကြောင့် တံတားနှင့်လမ်းမ လိုက်လျောညီထွေရှိပါတယ်။ အခုအခါ လှည်းတန်းလမ်းမကြီးကို လေးလမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့ထားပြီးဖြစ်သည့်အပြင် အသုံးပြုတဲ့ကားအရေအတွက်ကလည်း အလွန်များပြားနေပြီဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိနှစ်လမ်းသွားတံတားမှာ လှည်းတန်းလမ်းမကြီးမှ မောင်းလာသောယာဉ်များအတွက် လမ်းကျဉ်းမြောင်းနေပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိပါတယ်။ ယခုကဲ့သို့လမ်းမကြီးများအလယ်တွင် နှစ်လမ်းသွားတံတားဟောင်းတစ်ခု တည်ရှိနေခြင်းမှာ မြို့ပြအင်္ဂါရပ်နှင့်ညီညွတ်မှုလည်းမရှိတော့ပါ။ အဆိုပါတံတားပတ်ဝန်းကျင်တွင် ပိုင်တံတား အပြည့်ဖြင့်

လူနေထူထပ်ပြီး အလွန်လူစည်ကားသောနယ်မြေဖြစ်ပါတယ်။ လေးလမ်းသွားတံတားအဖြစ် တိုးချဲ့ပေးမှသာလူစည်ကားသောနေရာနှင့် လိုက်လျောညီထွေရှိကာ ယာဉ်သွားလမ်းကြော အဆင်ပြေချောမွေ့ပြီး ယာဉ်အန္တရာယ်ကင်းဝေးမှာဖြစ်ပါတယ်။ ယခုတံတားကို လေးလမ်းသွားအဖြစ် တိုးချဲ့ပေးရန် ကမာရွတ်မြို့နယ်မှာရှိတဲ့ ပြည်သူများကလည်း လာရောက်တင်ပြတဲ့အတွက်ကြောင့် အခုမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်လမ်းပိုင်းမှာ ကားလမ်းကူးတိုးချဲ့ရန် ကိစ္စရပ်များကို လိုအပ်ချက်များပေါ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပထမဦးစားပေးအနေနဲ့ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ အင်းစိန်ကားလမ်းကူး ခုံးကျော်တံတားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးအနေနဲ့ ပါရမီ(၂) ခုံးကျော် တံတားနှင့်ခရေပင်(၂) ကားလမ်းကူးခုံးကျော်တံတားတို့ကို ထပ်မံဆောင်ရွက်သွားရန် ရှိပါတယ်။ လှည်းတန်းမီးရထားခုံးကျော်တံတားကို နောင်ဘဏ္ဍာရေးနှစ်များမှာ ဘဏ္ဍာငွေတင်ပြ တောင်းခံပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်တဲ့အတွက်ကြောင့် ယခုနှစ်ဘဏ္ဍာရေးနှစ်မှာ တိုးချဲ့တည်ဆောက်ပေးရန် လောလောဆယ်အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့ ဆက်သွယ်သည့် မော်တော်ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်။ ရိုသေလေးစားရပါတဲ့ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ အနောက်ပိုင်းမှာတည်ရှိပြီးတော့ ဘင်္ဂလားပင်လယ်၊ ဘင်္ဂလာဒေ့ရှ်၊ အန္ဒိယနိုင်ငံတို့နှင့်နယ်နိမိတ်ချင်းထိစပ်နေတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့ရခိုင်ပြည်နယ်ဟာ မြောက်ပိုင်းနှင့်တောင်ပိုင်းဆိုပြီးတော့ နှစ်နေရာရှိပါတယ်။ ပြည်နယ်ရဲ့တောင်ပိုင်းမှာဆိုလို့ရှိရင် ပြည်တွင်းကို ကုန်းကြောင်းဖြင့်သွားလာနိုင်သော်လည်း ကျွန်မတို့ရဲ့ မြောက်ပိုင်းမှာဆိုလို့ရှိရင် ကုန်းကြောင်းလမ်းမသွားလာနိုင်တဲ့ နေရာလည်းရှိနေပါတယ်။ ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်ဟာ မောင်တော်ကားနဲ့တိုက်ရိုက်သွားလာနိုင်ခြင်း၊ ဘူးသီးတောင်-မောင်တောမြို့နယ်များဟာ မော်တော်ကားနဲ့တိုက်ရိုက်သွားလာနိုင်ခြင်းမရှိတဲ့အပြင် လေကြောင်းခရီးနဲ့သွားလာရင်လည်း လေယာဉ်ကွင်းမရှိတဲ့အတွက် ခရီးသွားလာမှုမှာ များစွာအခက်အခဲကြုံတွေ့နေရပါတယ်။ ရသေ့တောင်မှ ဘူးသီးတောင်ကို မောင်တောကားလမ်း ဖောက်လုပ်ပေးမယ်ဆိုရင်တော့ ရခိုင်ပြည်နယ် (မြောက်ပိုင်း)မှ တိုင်းရင်းသားပြည်သူများ ပြည်တွင်းကို ကုန်းလမ်းခရီးဖြင့် တိုက်ရိုက်သွားလာနိုင်မှာဖြစ်ပါတယ်။ ဒီလမ်းကို ဖောက်လုပ်ပေးပါကလည်း နယ်စပ်ဒေသလုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် လုံခြုံရေးတပ်များ၊ စစ်တွေမြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့် သွားရတဲ့အချိန်ထက် ကုန်းလမ်းခရီးဖြင့် သွားရတဲ့အချိန်က ပိုပြီးတိုတဲ့အတွက် လုံခြုံရေးနဲ့ကာကွယ်ရေးလုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ရသေ့တောင်မြို့မှ ဘူးသီးတောင်မြို့ကို ဆက်သွယ်တဲ့မော်တော်ကားလမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်အတွင်း စတင်ဖောက်လုပ်ပေးနိုင်ပါမည်နည်း။ မရှိပါက မည်သည့်အတွက် ကြောင့်ပါနည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှာရှိတဲ့ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်သို့ဆက်သွယ်တဲ့ မော်တော်ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်ဘဏ္ဍာရေးနှစ်မှာ စတင်ဖောက်လုပ် ပေးမည်ကိုသိလိုခြင်း မေးခွန်းနှင့်ပတ်သက်ပြီး ရသေ့တောင်-ဘူးသီးတောင်လမ်းမှာ တစ်စိတ်တစ်ပိုင်းပါဝင်တဲ့ ပုဏ္ဏားကျွန်းလမ်းနှင့် ဆက်သွယ်တဲ့လမ်းပိုင်း ရသေ့တောင်မြို့နယ် အစအဆုံး (ရသေ့တောင်-ရေကောက်-ချောင်းလမ်းပိုင်း)ဟာ ၂၂ မိုင် ၂ ဖာလုံရှိပြီးတော့ ၎င်းလမ်းမှာ ၅၀၀ ပေအရှည် ချောင်းသုံးချောင်းနဲ့ ၂၀၀ ပေ အရှည် ချောင်းတစ်ချောင်း ဖြတ်သန်းရမည်ဖြစ်ပြီးတော့ လက်ရှိအခြေအနေမှာ လူသွားလမ်းအဆင့်သာရှိပါတယ်။ ရသေ့တောင်-ဘူးသီးတောင် လမ်းကြားမှာရှိတဲ့ ရသေ့တောင်-ရေကောက်-ချောင်းလမ်းပိုင်း(ရသေ့တောင်-ကျောက်တန်းလမ်း) မြေသားဖောက်လုပ်ခြင်း ၃ မိုင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေနဲ့ ခန့်မှန်းကုန်ကျငွေ ၇၂.၀ သန်းနဲ့ ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါတယ်။ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်ကိုဆက်သွယ်တဲ့ မော်တော်ကားလမ်းဖောက်လုပ်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ၁၀.၀ သန်းနဲ့ လမ်းဒီဇိုင်းပုံစံတိုင်းတာ တွက်ချက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစပြီးတော့ လမ်းအပိုင်းလိုက်ပြည်နယ် ဘဏ္ဍာရေးရန်ပုံငွေမှာ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**မူကြမ်း**

**မုဒုံမြို့ပေါ်တွင်ရှိသော ဝင်းကဖို့ရပ်ကွက်တွင် ကြက်မွေးထားသော အိမ် (၃) အိမ်ကို ရပ်ကွက်နှင့် ဝေးသောနေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြသိန်း၊ မုဒုံမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြသိန်းဖြစ်ပါတယ်။ ကျွန်တော်တို့ မုဒုံမြို့ပေါ်တွင် ရပ်ကွက်ကြီးလေးရပ်ကွက်ရှိပါတယ်။ ၎င်းတို့မှာ မြို့မ(၁)၊ မြို့မ(၂)၊ မြို့မ(၃) နှင့်မြို့မ(၄) တို့ဖြစ်ပါတယ်။ ဝင်းကဖိုရပ်ကွက်သည် မြို့မ(၁)တွင် မုဒုံကြီးရပ်ကွက်ရဲ့ အနောက်ဘက်တွင်ရှိပါတယ်။ ဝင်းကဖို ရပ်ကွက်တွင် လူနေအိမ်တွေကြားထဲတွင် ကြက်မွေးထားသောအိမ်သုံးအိမ်ရှိသဖြင့် ရပ်ကွက်နေ ရပ်ကွက်သူ/ရပ်ကွက်သားများ ကြက်အနံ့ကြောင့် ကျန်းမာရေးထိခိုက်လျက်ရှိပါတယ်။ သို့ဖြစ်၍ ကျွန်တော်မေးလိုသောမေးခွန်းမှာ ယင်းကြက်မွေးထားသော အိမ်သုံးအိမ်ကို လူနေရပ်ကွက်နှင့်ဝေးသောနေရာသို့ ပြောင်းရွှေ့ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း၍ မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းမေးမြန်းခဲ့တဲ့မေးခွန်းနှင့် ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ မုဒုံမြို့နယ်၊ ဝင်းကပိုရပ်ကွက် ကြက်မွေးထားတဲ့ နေအိမ်သုံးအိမ်မှ အိမ်ရှင်များကို ၁၈-၆-၂၀၁၄ ရက်နေ့မှာ မုဒုံမြို့နယ်ကော်မတီ ၄ ရပ်ရှေ့မှာ ခေါ်ယူတွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ကြက်ခြံပိုင်ရှင်များမှ မွေးမြူထားတဲ့ ကြက်များမှာ ၁၅ ရက်သားရှိတဲ့အတွက်ကြောင့် အချိန်ကာလတစ်ခု စောင့်ဆိုင်းပေးရန်

တင်ပြခြင်းအတွက် ၂၅ ရက် သတ်မှတ်ပေးပြီးတော့ ၁၃-၇-၂၀၁၄ ရက်နေ့မှာ အပြီးဖယ်ရှားပေးရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အရေးယူခံရမည်ဖြစ်ကြောင်း၊ ကော်မတီ ၄ ရပ်ရှေ့မှာ ကတိပြုပြီး ဖြစ်တဲ့အတွက်ကြောင့် ဆက်လက်မွေးမြူလိုပါက ရပ်ကွက်နှင့်ဝေးသောနေရာကို ပြောင်းရွှေ့မွေးမြူ ရန်မှာကြားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ပုဏ္ဏားကျွန်းစက်မှုဇုန် တည်ဆောက်မည့်ကိစ္စနှင့်ပတ်သက်၍ မည်သည့်အစီအစဉ်များထားရှိသည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံး ကျန်းကျန်းမာမာရှိကြပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်သူအပေါင်းအားလုံးကို လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှာတည်ဆောက်မယ့် စက်မှုဇုန်လျာထားကွင်းတွေကတော့ ပုဏ္ဏားကျွန်းမြို့နယ်၊ မင်းကာကွင်း၊ တန့်ဆွယ်ကွင်းနဲ့ ပိုက်စိပ်ကွင်းတွေဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနကထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေအရ လယ်ယာမြေတွေအပါအဝင် စုစုပေါင်းဧက ၁၈၃၃ ဧက ရှိပြီးတော့ လက်ရှိလုပ်ကိုင်စားသောက်နေတဲ့ လယ်ယာမြေဧကစုစုပေါင်းဟာ ၇၅၆.၇၀ ဧက ပါဝင်ပါတယ်။ စက်မှုဇုန်ဧရိယာနှင့်သက်ဆိုင်တဲ့ ကျေးရွာတွေကတော့ ငါးရွာရှိပါတယ်။ ရေပေါက်ချောင်း၊ နတ်ဆိပ်၊ မင်းဂံ၊ တန်းစွယ်နှင့် ကျော်ဇံကျေးရွာဖြစ်ပါတယ်။ အဲဒီစက်မှုဇုန်လျာထားမြေဧရိယာအပေါ်မှာ လက်ရှိ လုပ်ကိုင်စားသောက်နေတဲ့ လယ်သမား ၁၆၇ ဦးရှိပါတယ်။ စက်မှုဇုန်တည်ဆောက်ရေးနဲ့ ပတ်သက် ပြီးတော့ သက်ဆိုင်တဲ့ ကျေးရွာတွေနဲ့၊ လယ်သမားတွေနဲ့ စက်မှုဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ တာဝန်ရှိသူများဟာ ၂၀၁၂ ခုနှစ်ကတည်းကပဲ သုံးကြိမ်တိတိဆွေးနွေးမှုတွေပြုခဲ့တယ်လို့သိရပါတယ်။ သက်ဆိုင်တဲ့ လယ်သမားတွေအနေနဲ့ မိမိတို့လူမှုဘဝ မြေမဲ့ယာမဲ့ တစ်ဆစ်ချိုးပြောင်းလဲနိုင်တဲ့ အခြေ အနေရှိတဲ့အတွက် သက်ဆိုင်ရာက ဘဝနေမှုအခြေအနေဆိုးရွားစွာမဖြစ်ပေါ်စေရန် သင့်တော်တဲ့ အစီအစဉ်တွေသာ စီစဉ်ပေးနိုင်မယ်ဆိုလို့ရှိရင် စက်မှုဇုန်တည်ဆောက်ရေးအတွက် လုံးဝသဘောတူ ကြိုဆိုကြပါကြောင်းလည်း သိရှိရပါတယ်။ အခုအခါ ဒီလို လယ်ယာလုပ်ငန်းခွင်ဝင်ရမယ့်အချိန် ရောက်တိုင်း လယ်ယာလုပ်ငန်းခွင်ဝင်ချိန်ကျတဲ့ လယ်သမားတွေဟာ လယ်ယာကိုပဲ အဲဒီမြေပေါ်မှာ ဆက်လုပ်ရမှာလား။ လုပ်နေရင်းတန်းလန်းပဲ လုပ်ငန်းခွင်ထဲက လက်စသတ်ရပ်တန့်ပြီးတော့ ထွက်ပေး

ရမှာလား။ လယ်ယာအတွက် စိုက်ထားတဲ့အရင်းအနှီးတွေပဲ ဆုံးရှုံးရမှာလားစတဲ့ ပူပင်သောကတွေကို မိမိအား နှစ်စဉ်မေးမြန်းတင်ပြကြပါတယ်။

သို့ဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါမေးခွန်းများကိုမေးလိုပါတယ်။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှာ ပုဏ္ဏားကျွန်းစက်မှုဇုန်ကို အမှန်တကယ် တည်ဆောက်အကောင်အထည်ဖော် တည်ဆောက်ပါမည်လား။ တည်ဆောက်မည်ဆိုပါက မည်သည့်နှစ်၊ မည်သည့်ကာလမှာ စတင်တည်ဆောက်ပါမည်လဲ။ တည်ဆောက်မယ်ဆိုလို့ရှိရင် သက်ဆိုင်တဲ့ လယ်သမားများ ပုဏ္ဏားကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းအသိပေးရန် အစီအစဉ်ရှိပါသလား။ စက်မှုဇုန်တည်ဆောက်တဲ့ကိစ္စရပ်အတွက် နစ်နာနိုင်တဲ့ လယ်သမားပြည်သူများအတွက် သက်ဆိုင်ရာမှ မည်သို့စီစဉ်ပေးနိုင်မယ်ဆိုတဲ့အကြောင်းအရာများကို သိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော် မေးမြန်းခဲ့တဲ့မေးခွန်းနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှာ ပုဏ္ဏားကျွန်းစက်မှုဇုန်ကို အမှန်တကယ် အကောင်အထည်ဖော်တည်ဆောက်ပါမည်လား။ တည်ဆောက်မည်ဆိုပါက သက်ဆိုင်တဲ့ လယ်သမားများနှင့် ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးညှိနှိုင်းဆွေးနွေးရန် အစီအစဉ်ရှိပါသလား။

စက်မှုဇုန်တည်ဆောက်မည့်ကိစ္စအတွက် နစ်နာနိုင်တဲ့ လယ်သမားပြည်သူများအား မည်သို့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိသည်နှင့် မည်သည့်နှစ်မှာ မည်သည့်ကာလတွင် စတင်ဆောင်ရွက်မည်ကိုသိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ပုဏ္ဏားကျွန်းစက်မှုဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းနဲ့ ပြည်တွင်းပြည်ပ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာနိုင်ပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူလူထု

များ၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိကာ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာရေးအတွက် ပုဏ္ဏားကျွန်းစက်မှုဇုန်ကို အဆင့်သုံးဆင့်နှင့် တည်ဆောက်ရန် လျာထားလျက်ရှိပြီးတော့ အဆင့်အလိုက် ကုန်ကျမည့်စာရင်းမှာ ပထမအဆင့်မှာ ငွေကျပ် ၂၁၉၈၃.၄၁ သန်း၊ ဒုတိယအဆင့်မှာ ငွေကျပ် ၁၆၄၅၇.၁၉ သန်း၊ တတိယအဆင့်မှာ ငွေကျပ် ၃၆၃၆၆.၀ သန်း စုစုပေါင်း ငွေကျပ် ၇၄၈၀၆.၅၆ သန်း ဖြင့်တည်ဆောက်ရန် လျာထားတဲ့အဆင့်မှာ တည်ရှိပြီးဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်မယ့် စက်မှုဇုန်ရဲ့လျာထားဧကမှာ ၁၈၃၃.၁၀ ဧကဖြစ်ပြီးတော့ လယ်မြေ ၁၆၄၇.၆၄ ဧက၊ စားကျက်မြေ ၁၃၁.၁၀ ဧက၊ တောရိုင်းမြေ ၁၄.၃၆ ဧက၊ ရွာမြေ ၄၀.၀၀ ဧက ပါဝင်ပါတယ်။ ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းမှာ ပါဝင်နိုင်မယ့် ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမယ့်သူများ ရှာဖွေလျက်ရှိပြီး စက်မှုဇုန်အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စီးပွားရေးအရ တွက်ခြေကိုက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ ပျက်စီးမှုရှိ/မရှိ စိစစ်ရမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပွင့်လင်းမြင်သာစွာဖြင့် သက်ဆိုင်တဲ့ လယ်သမားများ၊ ပုဏ္ဏားကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များသာမက သက်ဆိုင်ရာဒေသခံပြည်သူများအထိ အသိပေးချပြရှင်းလင်းညှိနှိုင်းပြီးမှ စက်မှုဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒေသခံလယ်သမားများနှင့် အကြိုညှိနှိုင်းဆောင်ရွက်ရာမှာ အမည်ပေါက်လယ်မြေဖြစ်ပါက တစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ပေးလျော်စေရေး စီမံထားရှိတဲ့အပြင် ဒေသခံလယ်သမားမိသားစုများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး စီမံထားရှိပြီး ရေနှင့်လျှပ်စစ်မီးရရှိရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုဇုန်အကောင်အထည်ဖော်ရာမှာ ရင်းနှီးမြှုပ်နှံသူများရဲ့ စိတ်ဝင်စားမှုအခြေအနေပေါ်မူတည်ပြီး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးရင်းနှီးမြှုပ်နှံသူ(Developer) များအား ဖိတ်ခေါ်ထားရှိပြီးဖြစ်ပါတယ်။ စက်မှုဇုန်အကောင်အထည်ဖော်ဆောင်ရွက်မယ့် နှစ်ကာလနှင့်ပတ်သက်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်မှာ ပုဏ္ဏားကျွန်းမြို့နယ်ကို မဟာဓာတ်အားလိုင်းရောက်ရှိမှာဖြစ်ပါတယ်။ ထို့နောက် ၂၄ နာရီ မီးအပြည့်အဝရရှိချိန်မှာ ရေပေးဝေခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ မြေကွက်ဖော်ထုတ်ခြင်း၊ ရေဆိုးသန့်စင်စက်ရုံများတည်ဆောက်ခြင်းစတဲ့ အခြေခံလိုအပ်ချက်များ အရင်တည်ဆောက်ပြီး အဆင်သင့်ဖြစ်မှသာ စက်ရုံအလုပ်ရုံများ တည်ဆောက်ရမှာဖြစ်ပါသောကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထက်စော

ပြီးတော့ စက်မှုဇုန်စတင်အကောင်အထည်ဖော်နိုင်မယ့် အခြေအနေမရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မြဝတီမြို့ချစ်ကြည်ရေးတံတားထိပ် ယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းရန်နှင့် ခရီးသည်နှင့် ကုန်များစနစ်တကျအတင်အချပြုလုပ်နိုင်မည့် ယာဉ်ရပ်နားကွင်းအကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဦး၊ မြဝတီမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ပြည်သူကိုကိုယ်စားပြုတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးဖြစ်ပါတယ်။ ကျွန်တော်တို့မြဝတီမြို့ဟာ နယ်စပ်မြို့ဖြစ်တာနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိတဲ့အခါမှာ မော်တော်ယာဉ်တွေအဆမတန်များပြားလာပြီး ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့်ကမ္ဘာလှည့်ခရီးသည်များဝင်ထွက်ရာ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားထိပ်မှာ တစ်ဖက်နိုင်ငံကိုသွားမယ့်ယာဉ်တွေ၊ တစ်ဖက်နိုင်ငံမှ ကုန်ပို့ယာဉ်တွေ၊ လမ်းစီမံကိန်းဆောင်ရွက်နေတဲ့ ယာဉ်ကြီးများနှင့် မြဝတီမြို့မှ ပြည်တွင်းမြို့များကိုပြေးဆွဲတဲ့ ခရီးသည်စောင့်ကြပ်နေတဲ့ ယာဉ်တွေနဲ့ပြည့်ကြပ်နေပါသဖြင့် တစ်ဖက်နိုင်ငံရဲ့ တံတားထိပ်နဲ့ယှဉ်လို့ရှိရင် အဆင်ပြေလွယ်ကူစွာသွားလာနိုင်ခြင်းမရှိကြောင်းပေါ်လွင်နေသဖြင့် နိုင်ငံရဲ့ပုံရိပ်ကျဆင်းစေတယ်လို့ မြင်ပါတယ်။ အဲဒီကိစ္စကို သက်ဆိုင်ရာဒေသအာဏာပိုင်အဆင့်ဆင့်ကို တင်ပြခဲ့ပေမယ့် အကြောင်းထူးလာခြင်းမရှိတဲ့အတွက်ကြောင့်လွှတ်တော်မှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယာဉ်ကြောပိတ်ဆို့မှုတစ်ခုသောအတိုင်းအတာအထိ ကျဆင်းသွားစေရန်မြဝတီဒေသခံပြည်သူများ အလုပ်အကိုင်ရရှိစေရန်ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်နေတဲ့ယာဉ်ငယ်ရပ်နားကွင်းတည်ဆောက်မှုမှာလည်း ယခုထိ အကောင်အထည်ဖော်ပြီးမြောက်ခြင်းမရှိတာတွေ့ရပါတယ်။ အဆိုပါလုပ်ငန်းကို မြဝတီမြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက စီမံချက်

ရေးဆွဲပြီး နယ်စပ်ရေးရာဒုတိယဝန်ကြီးခရီးစဉ်မှာ သက်ဆိုင်ရာမှ ပြည်နယ်အစိုးရရဲ့ခွင့်ပြုချက်ရရှိပြီး ဖြစ်၍ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ယခု မေးခွန်းမေးမြန်းတဲ့အချိန်အထိ ဘာအကောင်အထည်ဖော်ခြင်းမှ မရှိတာတွေ့ရတဲ့အတွက်ကြောင့် ဒေသခံများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) ချစ်ကြည်ရေးတံတားထိပ်ယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ။ (၂) ခရီးသည်နှင့်ကုန်များ စနစ်တကျ အတင်အချပြုလုပ်နိုင်မယ့် ယာဉ်ရပ်နားကွင်း အကောင်အထည် ဖော်ရန်အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ကာလ၌စတင်ပြီး မရှိပါက အဘယ်ကြောင့်နည်းဖြစ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ကရင် ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးမေးမြန်းခဲ့တဲ့မေးခွန်းနှင့် ပတ်သက်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ကရင် ပြည်နယ်၊ မြဝတီမြို့ ချစ်ကြည်ရေးတံတားထိပ် ယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ခရီးသည်နှင့်ကုန်များ စနစ်တကျအတင်အချပြုလုပ်နိုင်မယ့် ယာဉ်ရပ်နားကွင်းအကောင်အထည် ဖော်ရန်အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် ပတ်သက်ပြီးတော့ မြဝတီမြို့ ချစ်ကြည်ရေးတံတားထိပ် ယာဉ်ကြောပိတ်ဆို့မှုကို သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့ရဲ့ ဦးဆောင်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီးတော့ ယာဉ်ကြောရှင်းလင်းခြင်းကို နေ့စဉ် ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်များ စနစ်တကျ အတင်အချပြုလုပ်နိုင်မယ့် ယာဉ်ရပ်နားကွင်း အကောင်အထည်ဖော်ရန် မြဝတီမြို့ပြစီမံကိန်းရေးဆွဲထားတဲ့ Town Plan မှာ ယခင်နယ်စပ်ကုန်သွယ် ရေးစစ်ဆေးအကောက်ခွန်ကောက်ခံတဲ့ နေရာဟောင်းကို အဝေးပြေးလူစီးယာဉ်ရပ်နားစခန်းဖြင့် ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ မြို့ပြစီမံကိန်းမူကြမ်းရေးဆွဲခြင်းနှင့် မြို့ပြမြေနေရာမှာ ကွင်းဆင်း တိုင်းတာမှုများအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အသေးစိတ်စတင်ဆောင်ရွက်တိုင်းတာခြင်း၊ နယ်မြေအလိုက် အသေးစိတ် Plan ရေးဆွဲ

ခြင်းမူကြမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် မြို့နယ်တစ်ခုလျှင် ကျပ်သိန်း ၁၀၀၀ ခွင့်ပြုခြင်းနှင့်ပတ်သက်၍ ကျေးရွာသားများနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များကိုယ်တိုင် လုပ်ဆောင်သောလုပ်ငန်းများအတွက် ပင်ရင်းမှဖြတ်တောက်ပေးသွင်းရမည့်အခွန်(Withholding Tax) ပေးဆောင်ရန်လို/မလိုကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကိုအရင်ဖတ်ပြပြီးတော့မှ အနည်းငယ်ရှင်းပြမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့မေးခွန်းကတော့ ပြည်ထောင်စုလွှတ်တော်၏ ဖွံ့ဖြိုးရေးရန်ပုံငွေများသုံးစွဲရာတွင် ပင်ရင်းမှဖြတ်တောက်ပေးသွင်းရမည့်အခွန် (Tax) ကိစ္စဖြစ်ပါတယ်။ ပင်ရင်းဖြတ်တောက်ပေးသွင်းရမည့်အခွန် (Withholding Tax) သည် ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆(င)အရ ထုတ်ပြန်ခဲ့သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၄၁/၂၀၁၀) တွင်ပါရှိသည့်အတိုင်း ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများ၊ သမဝါယမအသင်းများ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အဖွဲ့အစည်းမှတ်ပုံတင်ထားသော အစုစပ်လုပ်ငန်းများ၊ အဖွဲ့အစည်းများက ဝယ်ယူခြင်းနှင့်လုပ်ငန်းဆောင်ရွက်ပေးခြင်းအတွက် ပေးချေငွေများအပေါ်တွင် ကြိုတင်ဝင်ငွေခွန်အဖြစ် ကောက်ယူခြင်းဟုသိရှိရပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်၏ ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် မြို့နယ်တစ်ခုလျှင် ကျပ်သိန်း ၁၀၀၀ ခွင့်ပြု၍ လုပ်ငန်းတစ်ခုလျှင် ကျပ်သိန်း ၅၀ ထက်မကျော်လွန်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြပါသည်။ လုပ်ငန်းအများစုမှာ ကျေးရွာသားများ၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူအဖွဲ့များမှ လုပ်အားစိုက်ထုတ်၍ အကုန်အကျအနည်းဆုံးဖြင့်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ ကန်ထရိုက်စာချုပ်များဖြင့် အငှားချထား၍ လုပ်ဆောင်ကြခြင်းမဟုတ်ပါ။ သို့ရာတွင် အချို့သောမြို့နယ်များတွင် အုပ်ချုပ်ရေးအာဏာပိုင်များမှ အထက်အမိန့်အရဟု

ဆိုကာ လုပ်ငန်းဆောင်ရွက်ပြီးသော ကျေးရွာများသို့ ၂ ရာခိုင်နှုန်း အခွန်ငွေများလိုက်လံကောက်ခံလျက်ရှိကြောင်းကြားသိရပါသည်။

သို့ဖြစ်ပါ၍ ကျေးရွာသားများနှင့် ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များကိုယ်တိုင်လုပ်ဆောင်သောလုပ်ငန်းများအတွက် ပင်ရင်းမှဖြတ်တောက်ပေးသွင်းရမည့်အခွန် (Withholding Tax) ပေးဆောင်ရန်လို/မလိုသိရှိလိုပါ၍ မေးမြန်းအပ်ပါသည်။ မေးထားပါတယ်။ ကျွန်တော်တို့ ဒီမှာတင်ပြချင်တာက ဒီဥစ္စာက ဝင်ငွေခွန်ပါ။ ဝင်ငွေခွန်(Income Tax)ကို ကြိုတင်ပြီးတော့ကောက်တာပါ။ လုပ်ငန်းတစ်ခုက လူတစ်ဦးဟာ လုပ်ငန်းလုပ်တိုင်း မြတ်တာမဟုတ်ပါဘူး။ လုပ်ငန်းလုပ်တာ ဒီဟာမြတ်ပေမယ့် ဟိုဟာရှုံး ချင်ရှုံးမယ်။ အားလုံးကို ပေါင်းပြီးတော့မှ သူ့အမြတ်ပေါ်မှာမှ စည်းကြပ်တဲ့ဝင်ငွေခွန်ကို ကောက်တာပါ။ အဲ့တော့ ကျွန်တော်တို့လုပ်ငန်းလုပ်လို့ပေးရတာမဟုတ်ပါဘူး။ သိန်း ၁၀၀၀ ထဲမှာ သိန်း ၉၈၀ ကို လုပ်ငန်းတန်ဖိုးပြ သိန်း ၂၀ ကို Tax ပြဆိုလို့ရှိရင် ဒါမှားပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ငန်းတန်ဖိုးဟာ သိန်း ၁၀၀၀ ပဲဖြစ်ရမယ်။ ဒီမလုပ်တဲ့လူတွေဆီကနေပြီးတော့ ကောက်ရမှာဖြစ်ပါတယ်။

အဲဒီတော့ ဒီလိုကောက်ရာမှာလည်းပဲ သူက အစိုးရအဖွဲ့အစည်းတွေကပဲကောက်လို့ရမယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကကောက်လို့မရနိုင်ပါဘူး။ အဲဒီတော့ ဒီဥစ္စာက ပြည်တွင်းအခွန်က အခွန်ကောက်ရမယ့်အလုပ်ကို အစိုးရအဖွဲ့အစည်းတွေကို ကောက်ခိုင်းတဲ့ သဘောပါ။ အဲဒီတော့ ကျွန်တော်တို့က မကောက်ဖြစ်လိုက်လို့လည်း ဒီဟာက နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးသွားတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ဝယ်တဲ့ဟာတွေရဲ့ သတင်းစာရင်းတွေကို သက်ဆိုင်ရာပြည်တွင်းအခွန် ဦးစီးကနေပို့မယ်ဆိုလို့ရှိရင် သူတို့က ဒါတွေကောက်ရမှာပါ။ သူတို့လုပ်ရမယ့်အလုပ်ပါ။ အဲဒီတော့ ဒါကို အစိုးရအဖွဲ့အစည်းကို ထုတ်ထားတဲ့ဟာကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို ဒါတွေဖြတ်ရမယ်ဆိုတဲ့အခါမှာ တချို့က သဘောလွဲပြီးတဲ့အခါမှာ သိန်း ၁၀၀၀၊ ၉၈၀ က လုပ်ငန်းတန်ဖိုးပြတယ်။ သိန်း ၂၀ က Tax ပြတယ်။ တချို့တိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာလည်း ဒါမကောက်လို့ရှိရင်မရဘူး။ မသွင်းရင်မရဘူး။ မင်းတို့မသွင်းရင် မင်းတို့အမတ်တွေသွင်းရမယ်ဆိုတာတွေ ပြောတယ်ဆိုတဲ့အခါကျတော့ နောက်တစ်ခါ တချို့တွေ ရွာတွေတောင်လိုက်ပြီးတော့ ရွာက လုပ်တဲ့ လုပ်ငန်းတွေကိုလိုက်ပြီးတော့ ကောက်တယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ရဲ့လုပ်တဲ့ ပြည်သူတွေအဆင်ပြေအောင် လုပ်တဲ့လုပ်ငန်းတွေဟာ ပြည်သူတွေအတွက် စိတ်ညစ်စရာတွေဖြစ်သွားနိုင်ပါ

တယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်တွေတော်တော်များများက ဒီကိစ္စကိုလာပြီးတော့ ပြောနေတဲ့အတွက် ကျွန်တော်ရဲ့အမြင်ကတော့ ဒါဟာ ကျွန်တော်တို့မကောက်မိရင်လည်းပဲ ကောက်စရာမလိုဘူး။ ဒီဥစ္စာက သက်ဆိုင်ရာ ပြည်တွင်းအခွန်ကကောက်ရမယ့် အလုပ်ပဲဖြစ်တဲ့အတွက် အဲဒါကို အဖြေကိုသိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးမောင်တိုး မေးမြန်းတဲ့ မေးခွန်းကို ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းမှာ အဓိကအချက်ကတော့ ဖွံ့ဖြိုးရေးရန်ပုံငွေများ ကျခံတဲ့လုပ်ငန်းတွေမှာ ကိုယ်တိုင်လုပ်အားပေးတယ်။ လုပ်အားပေးတဲ့အခါမှာ ကန်ထရိုက်စာချုပ်တွေလည်းမရှိဘူး။ အဲဒီအပေါ်မှာ Withholding Tax လို့ခေါ်သော ပင်ရင်းမှနုတ်ဖြတ်တဲ့ ကြိုတင်ဝင်ငွေခွန်ပေးရန်လို/မလိုဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကြိုတင်ဝင်ငွေခွန်ပေါ့။ ပင်ရင်းကနုတ်ဖြတ်တဲ့ ကြိုတင်ဝင်ငွေခွန်(Withholding Tax) အကြောင်းလေး ကျွန်တော်နည်းနည်းတင်ပြချင်ပါတယ်။

Withholding Tax ဆိုတဲ့သဘောကတော့ အခွန်ကောက်တဲ့နေရာမှာ အခွန်တိမ်းရှောင်မှုတွေကို ပပျောက်အောင် လျော့နည်းအောင်ဆိုပြီးတော့မှ ဒုတိယကမ္ဘာစစ်အတွင်းမှာ အမေရိကန်ပြည်ထောင်စုမှာစပြီးတော့ ကောက်ခံပါတယ်။ မက်ဒရယ်ထရိုင်းမင်း ဆိုတဲ့ စီးပွားရေးပညာရှင်ရဲ့ အကြံပေးချက်အရ စတင်ကောက်ခံခြင်းဖြစ်ပါတယ်။ အဲဒီကောက်ခံမှုကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ၁၉၉၂ ခုနှစ်ကျမှ စတင်ကျင့်သုံးတာဖြစ်ပါတယ်။ သူ့ရဲ့သဘောကတော့ ကိုယ်ကပေးရတာမဟုတ်ပါဘူး။ ကိုယ်ပေးလိုက်တဲ့အခါမှာ ကိုယ့်ဝင်ငွေက တစ်ဖက်ကရသွားရင် ရသွားတဲ့သူဆီက ပြန်ဖြတ်တဲ့သဘောပါ။ သို့သော်လည်းပဲ အစိုးရရဲ့ကိုယ်စား နိုင်ငံတော်ရဲ့ကိုယ်စား ပေးသူကနေပြီးတော့ ဖြတ်ပေးတဲ့သဘောမျှသာဖြစ်ပါတယ်။ ကိုယ့်အိတ်ထဲပေးလိုက်ရတဲ့သဘောတော့မဟုတ်ဘူး။

ရမယ့် သူဆီကငွေကိုပဲ နိုင်ငံတော်ကိုယ်စား နိုင်ငံတော်ကိုကူညီတဲ့အနေနဲ့ ဒါဖြတ်တောက်ပေးတဲ့ သဘောမျိုးပဲဖြစ်ပါတယ်။

မြန်မာပြည်မှာ Withholding Tax နဲ့ပတ်သက်ပြီးတော့ တည်ဆဲအမိန့်နှစ်ခုရှိပါတယ်။ ပထမ အမိန့်ကတော့ ၂၀၁၀ ခုနှစ်မှာ ထုတ်တဲ့အမိန့်ဖြစ်ပါတယ်။ သူကတော့ အဓိကကျပါတယ်။ ၂၀၁၁ ခုနှစ်မှာထုတ်တဲ့အမိန့်မှာကတော့ ပထမ ၂၀၁၀ ခုနှစ်မှာ ထုတ်တဲ့အမိန့်မှာပါသော အခွန်နှုန်းထားကို ပြင်ဆင်ခြင်းမျှသာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်အမိန့်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း ကိုးကားသွားပါတယ်။ Contract စာချုပ်အရဖြစ်စေ၊ Contract စာချုပ်မရှိဘဲလည်း သဘောတူစာချုပ်အရဖြစ်စေ သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်အရဖြစ်စေဆိုပြီးတော့ ဖြစ်စေတွေနဲ့ ခံထားပါတယ်။ အဲဒီအရ ပေးရတဲ့လုပ်အားခငွေဖြစ်စေ၊ ပစ္စည်းအတွက် ပေးချေရတဲ့ ငွေအပေါ်မှာဖြစ်စေ နုတ်ဖြတ်ပေးပြီးတော့ ပေးသွင်းရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အဲဒီလို ဖြစ်တဲ့အတွက်ကြောင့် ဖွံ့ဖြိုးရေးရန်ပုံငွေကကျခံတဲ့ငွေတွေမှာ ကိုယ်တိုင်လုပ်အားပေးလို့ လုပ်အားခပေးစရာမလိုဘူးဆိုလို့ရှိရင်တော့ ဒါနုတ်ဖြတ်ပေးစရာမလိုပါဘူး။ သို့သော်လည်း လုပ်အားခပေးရတယ်ဆိုရင်တော့ ဒါကို လုပ်အားခအတွက် နုတ်ဖြတ်ပေးရမှာဖြစ်ပါတယ်။ ဒါဥပဒေအရ ပြောတာပါ။ နောက်တစ်ချက်ကလည်းပဲ ပစ္စည်းဝယ်တာပေါ့။ လုပ်အားခမပေးရရင်တောင်မှ ပစ္စည်းဝယ်တာတွေရှိခဲ့လို့ရှိရင် ဒီပစ္စည်းဝယ်တဲ့အပေါ်မှာလည်း တည်ဆဲဥပဒေအရ နုတ်ဖြတ်ပေးရမှာဖြစ်တဲ့အတွက် ရိုသေလေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်လို့လည်း ပြီးခဲ့တဲ့လွှတ်တော်ကာလအတွင်းမှာ တော်တော်လေးဆွေးနွေးခဲ့တာတွေရှိပါတယ်။ အခု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရှင်းပြတာလည်း အားလုံးနားလည်သဘောပေါက်မယ်ထင်ပါတယ်။ အဲ့လိုဆိုလို့ရှိရင်တော့ အဲ့ဒီဟာထက် အကျုံးဝင်တဲ့အတိုင်းပဲ ဆက်လုပ်ဖို့ပဲဖြစ်ပါတယ်။ ထပ်မေးစရာမရှိဘူးထင်ပါတယ်။ ဟိုမှာတိုင်ပင်နေလို့ပါ။ မေးစရာရှိရင်မေးပါ။ တစ်ခါတည်း ရှင်းအောင်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ မေးချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးပါ။

**မှူကြမ်း**

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ကျွန်တော် စောစောတုန်းကရှင်းပြတဲ့အထဲမှာလည်း ပါပါတယ်။ ဒီ Withholding ကိစ္စက ဒီပထမဆုံးအမိန့်ကြော်ငြာစာကတော့ နိုင်ငံတော်ပြန်တမ်းမှာ ထုတ်ထားပါတယ်။ နောက်ပိုင်း သုံးရာခိုင်နှုန်း ဘာညာကတော့ ညွှန်ကြားချက်ပါ။ အမိန့်ကြော်ငြာစာ မဟုတ်ပါဘူး။ အဲ့ဒီတော့ ဒီဟာကို ကျွန်တော်တို့ရဲ့လွှတ်တော်ကိုယ်စားလှယ်တွေက ပထမဦးဆုံးလုပ်တာဖြစ်တဲ့အတွက် သိပ်ပြီးတော့မရှင်းတဲ့အခါမှာ တချို့သောမြို့နယ်တွေမှာ ဒါတွေကို ဖြတ်မထားလိုက်ရပါဘူး။ အဲ့ဒီတော့ ဖြတ်မထားလိုက်ရတဲ့အခါကျတော့ ကျွန်တော်ဆိုလိုချင်တာ ဖြတ်မထားလိုက်ရဘူးဆိုတာက ဥပဒေအရဖြတ်ခံရမယ်လို့ဆိုရင်တောင်မှပဲ ဒါဟာ နိုင်ငံတော်ကို အခွန်ဆုံးရှုံးတာမဟုတ်ပါဘူး။ ဒါက လုပ်တဲ့သူဆီမှာ ပြည်တွင်းအခွန်က ကောက်ရမှာပါ။ ပြည်တွင်းအခွန်ကကောက်ရမယ့်ဟာကို အစိုးရအဖွဲ့အစည်းတွေက လုပ်ပေးဖို့လို့ လုပ်ထားတဲ့ဥစ္စာ မှန်တယ်။ ကျွန်တော်တို့က အစိုးရအဖွဲ့အစည်းလည်းမဟုတ်ဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေ။ ဘာမှ Staff လည်းမရှိဘူး။ အဲ့ဒီလို မရှိတဲ့အခါကျတော့ ကျွန်တော်တို့က ဒါတွေကိုကောက်ဖို့ဆိုတာ အရမ်းခက်ခဲပါတယ်။ အဲ့လိုဖြစ်တဲ့အတွက် တချို့ကလည်းပဲ ၁၀၀၀ ထဲကနေ ၂၀ ဖြတ်ပြီးတော့ သွင်းတဲ့လူကသွင်းပါတယ်။ သွင်းပြီးတာတော့ ထားပါ။ နိုင်ငံတော်ကိုပြန်ဝင်သွားတာပဲ။ မသွင်းရသေးတဲ့လူတွေကို လွှတ်တော်ကိုယ်စားလှယ်တွေကပဲစိုက်သွင်းရမလိုလို။ ရွာတွေကပဲတောင်းရမလိုလိုဖြစ်နေတဲ့အတွက် ကျွန်တော်ဆိုလိုချင်တာက ဒီဥစ္စာက နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးသွားတာမဟုတ်ပါဘူး။ မကောက်လိုက်မိတာပဲဖြစ်ပါတယ်ဆိုတာကို အဲ့ဒီလိုဖြစ်တဲ့အတွက် တစ်တိုင်းတစ်ပြည်လုံးကသိပြီးတော့ လူတွေကို စိတ်မညစ်စေချင်တဲ့အတွက် ကျွန်တော်က မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဘဏ္ဍာရေးဝန်ကြီးဌာနအပြင်ကို ဒုတိယစာရင်းစစ်ချုပ်လည်း ရှိတဲ့အတွက် အခုမေးတဲ့မေးခွန်းကို ပြေလည်အောင်ပေါ့လေ။ ပြေလည်အောင် ခုနက လွှတ်တော်ကိုယ်စားလှယ်တွေကော၊ ပြည်သူတွေကော အားလုံးရှင်းလင်းအောင်ဖြေပေးမယ်ဆိုလို့ရှိရင် ပိုပြီးတော့ကောင်းပါတယ်။ ဒါကြောင့်မို့လို့ ပြန်လည်ပြီးတော့ ဖြေကြားပေးပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒီ Withholding Tax ကောက်တာက နုတ်ဖြတ်ပေးရမှာကတော့ ဝယ်သူဆိုလို့ရှိရင် ဝယ်သူက နုတ်ဖြတ်ပေးရမယ်။ လုပ်အားခပေးတယ်ဆိုလို့ရှိရင် လုပ်အားခပေးတဲ့သူက နုတ်ဖြတ်ပေးရမယ်။ ဆိုတဲ့သဘောကတော့ လွှတ်တော်ကိုယ်စားလှယ်မှလည်း မဟုတ်ပါဘူးခင်ဗျား။ ကုန်သည်တွေလည်း ဖြစ်

ချင်ဖြစ်မှာပဲ။ ကန်ထရိုက်တာတွေလည်း ဖြစ်ချင်ဖြစ်မှာပဲ။ အစိုးရဌာနတွေလည်းဖြစ်ချင်ဖြစ်မှာပဲ။ ဒါ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် သီးသန့်ကြီးကောက်ခိုင်းတဲ့သဘောလည်း မဟုတ်ပါဘူး။ မသိ လို့မကောက်ဖြစ်ဘူးဆိုရင်လည်း လျှော့ပေးလိုက်တဲ့သဘောပါပဲ။ သူက။ ဆိုတော့ ဒါကလည်းပဲ ပေါ်လစီရေးရာတွေလည်းပါတဲ့အတွက် ကျွန်တော့်အနေနဲ့ ဥပဒေအတိုင်းပဲ တင်ပြခြင်းဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒုတိယစာရင်းစစ်ချုပ်အနေနဲ့ကော သီးခြားဆွေးနွေးမယ်ဆိုရင် ဆွေးနွေး ပေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ဆွေးနွေးခိုင်းတဲ့အတွက် ကျွန်တော် အနည်းငယ် တင်ပြဆွေးနွေးပါ့မယ် ခင်ဗျား။ အခွန်ကိစ္စအရပ်ရပ်နဲ့ ပတ်သက်လာလို့ရှိရင် အခွန်ဥပဒေများကို ကိုင်တွယ်ပြီးတော့ စီမံ ခန့်ခွဲတာ ဘဏ္ဍာရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံတော်အဖွဲ့အစည်း များကို စစ်ဆေးတဲ့အခါမှာ အခွန်နှင့်ပတ်သက်လို့ မေးစရာမြန်းစရာ ဝိဝါဒမကွဲတဲ့ကိစ္စလေးတွေရှိပြီ ဆိုရင် ကျွန်တော်တို့က ဒီကိစ္စနဲ့ပတ်သက်လာလို့ရှိရင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ သဘော ထားက ဒီလိုဒီလိုရှိပါတယ်။ ဒီသဘောထားဟာ မှန်ကန်ခြင်းရှိ/မရှိ သဘောထားပြန်ကြားပေးပါဆို ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနမှ သဘောထားတောင်းယူပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ဖြေရှင်း ပေးရတဲ့ကိစ္စတွေရှိပါတယ်။ အခုကိစ္စမှာလည်းပဲ ဒီအခွန်ဥပဒေများနဲ့ ပတ်သက်လာလို့ရှိရင် Authoritative Body ဖြစ်တဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြည်သူ့လွှတ်တော်ကို တင်ပြ ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ကတော့ ဒီကိစ္စမှာ အထွေအထူးတင်ပြရှင်းလင်းစရာမရှိပါဘူးလို့ တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ဆက်စပ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ သက်ဆိုင်ရာတာဝန် ရှိတဲ့သူတွေရော သိနိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ ကြားဖြတ်တင်ပြချင်ပါတယ်။ ကျွန်တော်တို့ မြို့နယ် တစ်မြို့နယ်ကို သာမန်အားဖြင့် သိန်း ၁၀၀၀ စီ ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် သတ်မှတ်ပေးပါတယ်။ သာမန် အားဖြင့်လို့ပြောတယ်ဆိုတဲ့ဟာမှာ သိန်း ၁၀၀၀ ပေးလိုက်လို့ ဒီမြို့နယ်ဟာ သိန်း ၁၀၀၀ အပြည့်သုံးရ မယ်မဟုတ်ပါဘူး။ တချို့မြို့နယ်ကြီးတယ်။ လူဦးရေများတယ်ဆိုလို့ရှိရင်လည်း သိန်း ၁၀၀၀ နဲ့ မလောက်နိုင်ဘူးဆိုလို့ရှိရင် သိန်း ၁၀၀၀ ထက်ပိုပြီးသုံးနိုင်မှာဖြစ်ပါတယ်။ ဘယ်ငွေကပိုသုံးမလဲ။

ခုနက တကယ်အသုံးမလိုတဲ့နေရာက ပိုတဲ့ငွေကို ဒီလိုသုံးဖို့ဆိုပြီးတော့ ကျွန်တော်တို့ လွှတ်တော်မှာရှိကြတဲ့ ဒီလိုပဲ ကျွန်တော်တို့ လေ့လာသုံးသပ်ပြီးဆောင်ရွက်ထားတာရှိပါတယ်။

ဒါကြောင့်မို့လို့ အခု ကျွန်တော်တို့ပြောနေတဲ့ သိန်း ၁၀၀၀၊ သိန်း ၁၀၀၀ ဆိုတာ မြို့နယ်တစ်ခုကို သိန်း ၁၀၀၀ ရမယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ယေဘုယျသာမန်အားဖြင့် ပြောနေတာဖြစ်ပါတယ်။ အဲ့ဒီနေရာမှာ ပြည်သူ့ငွေများကို သုံးစွဲဖို့ဆိုလို့ရှိရင် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များက အခွင့်အာဏာပဲကိုင်ပါတယ်။ ဒီငွေတွေကို ကိုင်ဖို့ကျတဲ့အခါ အရင်စပြီးလုပ်တုန်းကတော့ OA မှာသွားပြီးတော့ ငွေစာရင်းဖွင့်ထားတယ်။ နောက်ပိုင်းကျတဲ့အခါကျတော့ ဥပဒေနဲ့ညီအောင် ဒါကိုအစိုးရဝန်ထမ်းတစ်ဦးက စီမံရမယ်ဆိုတဲ့အတွက် အခုနောက်ပိုင်းကျတဲ့အခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုအပ်ပါတယ်။ ဒီငွေသိန်း ၁၀၀၀ ဟာ သာမန်အားဖြင့် သိန်း ၁၀၀၀ က အဲ့ဒီထဲမှာပဲရှိနေပါတယ်။ ဒီလိုလုပ်ငန်းတွေသုံးတဲ့အခါမှာ ခုနကတင်ပြသလို လုပ်ငန်းအငယ်များ၊ ပြည်ထောင်စုက ခွင့်ပြုထားတဲ့ လုပ်ငန်းတွေ၊ တိုင်းဒေသကြီးက ခွင့်ပြုထားတဲ့လုပ်ငန်းတွေမှာ မပါတဲ့လုပ်ငန်းအငယ်များ လုပ်ငန်းတစ်ခုမှာ အများဆုံး သိန်း ၅၀(၅ သန်း) သုံးစွဲရမယ်။ သုံးစွဲတဲ့အခါမှာ ပြည်သူများရဲ့လိုလားချက်ဖြစ်ရမယ်။ သက်ဆိုင်ရာ ဖွံ့ဖြိုးရေးအထောက်အကူကော်မတီများရဲ့ အကြံပြုချက်ပေါ်မူတည်ပြီးတော့ ဒီငွေသိန်း ၅၀(၅ သန်း)ကို သုံးရမယ်။ သုံးဆိုတဲ့အခါကျလို့ရှိရင် ဒီငွေတွေကဘယ်ကထုတ်ပေးရမလဲ။ ခုနက သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးက ထုတ်ပေးရမယ်။ ထုတ်ပေးရမှာဖြစ်တဲ့အတွက် ဖြတ်မယ်ဆိုလို့ရှိရင် တကယ်လို့ ခုနက Withholding Tax ကောက်မယ်ဆိုလို့ရှိရင် အဲ့ဒီက တစ်ခါတည်းပဲဖြတ်ထားရမှာဖြစ်ပါတယ်။ အဲ့လိုမှမဟုတ်ဘဲနဲ့ ခုနက ထုတ်ပေးပြီးမှပြန်ပြီးကောက်မယ်၊ သုံးမယ်ဆိုလို့ရှိရင် အခုလို ဦးမောင်တိုးတင်ပြသလို လွှတ်တော်ကိုယ်စားလှယ်တွေမှာကော၊ တကယ်ငွေကိုကိုင်သုံးမှာက ခုနက စီမံခန့်ခွဲရေးကော်မတီ၊ ပြီးတဲ့အခါမှာ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက ကိုင်သုံးမှာဖြစ်တဲ့အတွက် သူတို့ နဲ့ပဲရှင်းရမှာဖြစ်ပါတယ်။ သို့ရာတွင် လူထုထဲကျတဲ့အခါကျတော့၊ လွှတ်တော်ကိုယ်စားလှယ်များကျတော့ ဒီကိစ္စနဲ့ပတ်သက်လို့ အတွေ့အကြုံကလည်းမရှိ၊ ဥပဒေကိုလည်း ဂဃနဏ နားမလည်ကြ၊ ပြီးတဲ့အခါမှာ ဥပဒေကို နားလည်သည့်တိုင်အောင် လုပ်ထုံးလုပ်နည်းအပိုင်းကျတဲ့အခါကျတော့ ပြေလည်အောင်မဆောင်ရွက်နိုင်တဲ့ကိစ္စများလည်း ရှိနိုင်တဲ့အနေအထားရှိပါတယ်။

**မူကြမ်း**

ဒါကြောင့်မို့လို့ အခုလိုပေါ့လေ မေးခွန်းမေးတယ်လို့ယူဆပါတယ်။ ပြန်ပြောမယ်ဆိုရင် သိန်း ၁၀၀၀ ဆိုတာ သာမန်အားဖြင့် သိန်း ၁၀၀၀ အဲ့ဒါသည် မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့စီမံခန့်ခွဲမှု သူ့ရဲ့ အထဲမှာ စာရင်းထည့်ထားတယ်။ သုံးဆိုတဲ့အခါမှာ အဲ့ဒီငွေကို လွှတ်တော်ကိုယ်စားလှယ်တွေက တစ်ပြားမှကိုင်ပြီးမသုံးဘူး။ ပြောမယ်ဆိုရင် ဒီကနေပြီးတော့ ဒီနေရာမှာ ဒီလောက်သုံးပေးပါဆိုတဲ့ ခွင့်ပြုချက်နဲ့ပဲ ပေးလိုက်တယ်။ ဒီငွေကိုထုတ်တယ်။ ထုတ်တဲ့အခါမှာ အဲ့ဒီဒေသမှာရှိတဲ့ ပြည်သူတွေနဲ့ ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီတွေကပဲ သုံးသွားတာဖြစ်ပါတယ်။ အဲ့ဒီလမ်းကြောင်းကို မှန်မှန်ကန်ကန်ဖြစ်အောင် လုပ်ပေးနိုင်ရင် ကောင်းကြတာပေါ့။

သို့ရာတွင် ပြီးခဲ့တဲ့နှစ်ကတော့ အချိန်ရဲ့အနေအထားရော၊ ခုနက သိနားလည်တတ်ကျွမ်းတဲ့ အနေအထားရော ဒီလိုဖြစ်တဲ့အတွက် အခုလိုတင်ပြခြင်းဖြစ်ပါတယ်။ အဲ့တော့ ဥပဒေက ဒီလိုဆို ပေမယ့် ဥပဒေကို အနက်ကောက်တဲ့အခါကျတော့ အများကြီး နေရာပေါ်မူတည်ပြီး ကွဲသွားနိုင်ပါ တယ်။ တချို့နေရာတွေကျတဲ့အခါကျတော့ ပစ္စည်းမဝယ်ဘဲနဲ့ လုပ်အားကို အသုံးပြုပြီးတော့ ဒီလမ်းကို ကျန်တဲ့သူကိုခိုင်းမယ်ဆိုရင် သိန်း ၅၀ ကုန်မယ်။ ဒါမှမဟုတ် ဒီလမ်းကို ရွာသားတွေကဝင်ပြီးလုပ်မယ်။ လုပ်တဲ့အခါကျတော့ သိန်း ၅၀ မကတန်တဲ့လမ်း သိန်း ၆၀၊ သိန်း ၇၀ တန်တဲ့ လမ်းကို သိန်း ၅၀ နဲ့ပဲပြီးသွားတယ်။ အဲ့လိုနေရာမျိုးကျတဲ့အခါ ခုနက နှစ်ရာခိုင်နှုန်း (Withholding Tax) ကောက်ဦး မှာလား။ ကောက်ဖို့လိုသလား။ သူ့ရဲ့ဖြစ်စဉ်ဖြစ်ရပ်ပေါ်မှာလည်း အများကြီးတည်တဲ့အတွက် ဒီကိစ္စ ဟာ ကျွန်တော်တို့က ရှင်းရှင်းလင်းလင်းသိအောင် လုပ်ဖို့လိုပါတယ်။ ဥပဒေက ဒီလိုဆိုထား သော်လည်း လက်တွေ့လုပ်ငန်းလုပ်တဲ့အခါကျ ဒါမျိုးတွေလည်းရှိပါတယ်။ ဒါ့ကြောင့် ဥပဒေက ဒီလိုဆိုထားတယ်။ ဥပဒေကတော့ ဒီလိုဆိုပေမယ့် လက်တွေ့မှာဒီလိုဖြစ်နေတယ်။ အဲ့ဒီဟာကို ဘယ်လို ဖြေရှင်းပေးမလဲဆိုတဲ့အပိုင်းဟာ ပိုပြီးတော့ အရေးကြီးပါတယ်။

အဲ့ဒီအပိုင်းကျတဲ့အခါကျတော့ ဒီဥပဒေကို ကိုင်တွယ်ထိန်းသိမ်းတဲ့ဌာနရယ်၊ သက်ဆိုင်တဲ့ ငွေကြေးသုံးစွဲတဲ့သူရယ်၊ တကယ်အသုံးပြုတဲ့အပိုင်းမှာ ဒီလိုရှိတဲ့အတွက် ဒါတွေကလည်း သိမ်မွေ့တဲ့ သဘောဖြစ်တဲ့အတွက် ဒါကိုခုနက ဥပဒေကတော့ ဒီလိုရှိတယ်၊ ဒါကြောင့်မို့လို့ အကုန်ကောက်ရမယ် ဆိုလို့ရှိရင်လည်း မဖြစ်ပြန်ဘူး။ ဒါဟာ ကျွန်တော် လက်တွေ့အနေအထားပေါ်မူတည်ပြီးတော့ အားလုံး ရှင်းလင်းတင်ပြတာပါ။ ဒီဟာတွေသည် ဥပမာအားဖြင့် ချင်းပြည်နယ်မှာ ဒီနေ့လမ်းမရှိဘူး။ လူသွား လမ်းမရှိဘူး။ တချို့နေရာမှာ ဆိုင်ကယ်လမ်းမရှိဘူး။ အဲ့ဒီအခါကျတဲ့အခါကျတော့ ဒီလမ်းကို ဘယ်သူ

ဖောက်မှာလဲ။ ရှာကရှိတဲ့သူတွေပဲဖောက်တာ။ ဖောက်တဲ့အခါမှာ ဓားတွေသူတို့ဘာသူတို့ဝယ်၊ ပုဆိန်တွေဝယ်၊ ခုနက ဂေါ်ပြားတွေဝယ် သူတို့ဘာသာ ဖောက်ကြတယ်။ အဲ့ဒီလိုနေရာမျိုးကျတော့ ခုနက 2 Percent ဖြတ်ဦးမှာလား။ ပစ္စည်းဝယ်တာလည်းမရှိဘူး။ ဖြတ်တဲ့နေရာမှာလည်း ခုနကပြောသလို လွှတ်တော်ကိုယ်စားလှယ်မှမဟုတ်ဘူး၊ ကုန်သည်မှမဟုတ်ဘူး။ ဒီလိုပဲ အဲ့ဒါမျိုးကျ ဘယ်လိုဖြတ်မလဲ။

ဒါ့ကြောင့်မို့လို့ Case By Case စဉ်းစားပြီးတော့ ဆောင်ရွက်ပေးတာ အမှန်ကန်ဆုံးလို့ ကျွန်တော်ထင်ပါတယ်။ အဲ့ဒီအတွက် အဆုံးဖြတ်ပေးရမှာက အခုလာလိမ့်မယ်။ ဘာလဲ စာရင်းစစ်ကနေပြီးတော့ အဆုံးအဖြတ်ပေးရမယ့်သဘောရှိပါတယ်။ ဥပဒေကဒီလိုဆိုထားတယ်။ ဒါပေမယ့် ဖြတ်မထားဘူး။ ဖြတ်မထားတာသည် ဘာ့ကြောင့်လဲဆိုတဲ့အခါမှာ ခုနက ချင်းပြည်နယ် လမ်းဖောက်နေတဲ့သူတွေရှိတယ်။ ကချင်ပြည်နယ် ဒီတိုင်းပဲ။ ခုနက ဒီပူတာအို၊ မချမ်းဘော၊ ခေါင်လန်ဖူး သူတို့သွားတဲ့အခါမှာ အင်မတန်ခက်ခဲတယ်။ အလုပ်သမားငှားဖို့ရော၊ ကန်ထရိုက်ပေးဖို့ရော အများကြီးခက်တယ်။ အဲ့တော့ ရွာကလူတွေလုပ်ကြတယ်။ ဒေသကလူတွေလုပ်ကြတယ်။ ဒီလုပ်ငန်းကလည်း ဘယ်လောက်မှကြီးမားတဲ့ကိစ္စမဟုတ်ဘူး။ ဒါ့ကြောင့်မို့လို့ ပြန်စဉ်းစားရလိမ့်မယ်။ အလုပ်အားလုံးက ဥပဒေအရလုပ်ကြရတာကို။

ဒါ့ကြောင့်မို့လို့ ဒီလိုကိစ္စမျိုးကျတဲ့အခါ ဥပဒေကို ဘယ်လိုများ ကျွန်တော်တို့က အကျုံးဝင်အောင်ဘယ်လိုများပြင်ရမလဲ။ ဒီလို စဉ်းစားရင်စဉ်းစားရမယ်။ သို့မဟုတ်ရင် နည်းဥပဒေကို ဘယ်လိုများပြင်ရမလဲ။ ဒီလိုစဉ်းစားရမယ်။ သာမန် ခုနကပြောလိုက်တဲ့ ဥပဒေက ဒီလိုဆိုပါတယ်။ ဒါ့ကြောင့်မို့လို့ ဆိုတာလောက်နဲ့ လုံလောက်ချင်မှ လုံလောက်မဲ့သဘောရှိပါတယ်။ ကဲဒါနဲ့ပတ်သက်လို့ ဒုတိယဝန်ကြီးအနေနဲ့ ဒါကျွန်တော် မြေပြင်မှာဖြစ်တဲ့အခြေအနေကို ပြောပြတာ။ ဒီလိုဆိုရင် ကျွန်တော်တို့က ဘယ်လိုများလုပ်သင့်သလဲဆိုတဲ့ဟာမျိုး ရှိလို့ရှိရင်လည်း အကြံဉာဏ်ပေးပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ဆွေးနွေးသွားတဲ့အတွက် အခြေအနေကတော့ရှိပါတယ်။ ဒါပေမယ့် ခုနကတင်ပြသလိုပါပဲ။ လုပ်အားခတွေ မပေးရဘူးဆိုရင်တော့ ဒါနုတ်ဖြတ်ပေးစရာမလိုဘူးပေါ့။ ပစ္စည်းလည်း မဝယ်ရဘူးဆိုရင်တော့ ဒါလည်း နုတ်ဖြတ်ပေးစရာမလိုပါဘူး။ ဒါတစ်ချက်ပါ။ နောက်တစ်ချက်ကလည်းပဲ ကျွန်တော်တို့ ဒီနုတ်ဖြတ်တယ်ဆိုတဲ့သဘောက သူတို့ကို ၁၀၀ ပေးမယ့်အစား နှစ်ကျပ်ကို ဖြတ်ထားတဲ့သဘောပါပဲ။ နောက်မှ လိုက်ကောက်တာမဟုတ်ပါဘူး။ အဲ့လို လုပ်ပေးတဲ့သဘောပါပဲ။ ဒီဟာကလည်းပဲ ဥပဒေဆိုတာ

ကလည်း ဥက္ကဋ္ဌကြီးလည်း သိပါတယ်ခင်ဗျ။ ကျွန်တော်တို့ အခြေအနေကိုမူတည်ပြီးတော့ ပြဋ္ဌာန်းတာဖြစ်ပါတယ်။ ဒါလည်းပဲ ဥပဒေပြုရဲ့ အချုပ်အခြာဖြစ်တဲ့ လွှတ်တော်ကပဲဒါတွေကို ဆုံးဖြတ်တာဖြစ်ပါတယ်။ ဖြစ်တဲ့အတွက်ကြောင့် တကယ်လို့များ တည်ဆဲဥပဒေကို ကျွန်တော်တို့က တည်ဆဲဥပဒေလုပ်နိုင်တဲ့ Law Maker တွေမဟုတ်တဲ့အတွက် ကျွန်တော်တို့က Law Abiding လုပ်တဲ့သဘောပဲရှိပါတယ်။ ကျွန်တော်တင်ပြတာက တည်ဆဲဥပဒေအရလုပ်နေတာကို တင်ပြခြင်းဖြစ်ပါတယ်။ တည်ဆဲဥပဒေအရ အခြေအနေနဲ့ မကိုက်ညီတာတွေလည်းပဲရှိနိုင်ပါတယ်။ အဲ့လိုရှိလာတဲ့အခါမှာ ဥက္ကဋ္ဌကြီးတို့ လွှတ်တော်ကပဲ ဒါကို ဆုံးဖြတ်ပေးလို့ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်မို့ ဒီမှာလည်း ပြည်ထောင်စုဒုတိယစာရင်းစစ်ချုပ်လည်းရှိတဲ့အတွက်ခုနက ကံသေကံမကျွန်တော်တို့က နှစ်ရာခိုင်နှုန်းဖြတ်တောက်ထားရမယ်ဆိုတဲ့အစားပေါ့လေ။ လုပ်ငန်းအခြေအနေပေါ်မူတည်ပြီးတော့ ဖြတ်တောက်ရမယ့်ကိစ္စများဖြတ်တောက်ပြီးတော့ ဖြတ်တောက်စရာမလိုတဲ့ကိစ္စများ မဖြတ်တောက်ဘူးဆိုလို့ရှိရင် အခြေအနေတစ်ခုကတော့ ပိုပြီးတော့ လောလောဆယ်အားဖြင့်တော့ ဒါရှင်းလင်းသွားနိုင်တဲ့အနေအထားရှိပါတယ်။ ဥပဒေပြုရေးအပိုင်းအနေနဲ့ ဒါမှန်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်တွေက ဥပဒေပြုဖို့အတွက် အာဏာပိုင်အဖွဲ့အစည်း Body တစ်ခုဖြစ်တာမှန်ပါတယ်။ သို့ရာတွင် ဒီနေ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြေအနေကမည်သို့ပင်ဥပဒေပြုရေးအတွက် တာဝန်ရှိစေကာမူ ဒီနေ့ဥပဒေများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဥပဒေကြမ်းများကိုသာ စပြီးတင်သွင်းပြီးတော့ ဒီပေါ်မှာ လွှတ်တော်က ဆွေးနွေးဆုံးဖြတ်တာပဲရှိပါတယ်။ ဒါ့ကြောင့်မို့လို့ အဲ့ဒီလိုဆွေးနွေးဆုံးဖြတ်နိုင်အောင်လည်း သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးများက စဉ်းစားပြီး တင်လိုက်မယ်ဆိုရင် ဒီဥပဒေကြမ်းအပေါ် ပြောမယ်ဆိုလို့ရှိရင် လွှတ်တော်က ဝိုင်းဝန်းဆုံးဖြတ်မယ်ဆိုရင် ပိုအဆင်ပြေပါတယ်။ သို့တည်းမဟုတ်ဒီဥပဒေက ဒီလိုဆိုထားတယ်။ ဒါနဲ့ပတ်သက်လို့ ဒီနေ့အချိန်က ဒီလိုရှိပါတယ်။ အဲ့ဒီအခါမှာ လွှတ်တော်ထဲမှာ ဆွေးနွေးတဲ့အခါကျတော့လည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဟုတ်ပါတယ်၊ မှန်ပါတယ်။

ဒါ့ကြောင့်မို့လို့ ဒီဟာကတော့ ပြင်ဆင်သင့်ပါတယ်ဆိုလို့ရှိရင်တော့ ဟိုဘက်ဒီဘက်ပိုအဆင်ပြေနိုင်တဲ့ အနေအထားတွေရှိပါတယ်။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ဒီမေးခွန်းပေါ်မှာမူတည်ပြီးတော့ လောလောဆယ်ဒီဥပဒေကို ကိုင်တွယ်ကျင့်သုံးရတဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြီးတဲ့အခါမှာ အဲ့ဒီဥပဒေ

ပေါ်မူတည်ပြီးတော့ ဆုံးဖြတ်ရမယ့် သို့တည်းမဟုတ်လျှင် အကြံပြုချက်ပေးရမယ့်၊ စစ်ဆေးပေးရမယ့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒုတိယဥက္ကဋ္ဌကိုယ်တိုင် ဒီမှာရှိတဲ့အတွက် ကျွန်တော်တို့ ဒီဆွေးနွေးမှုဟာ များစွာအကျိုးသက်ရောက်ပါတယ်။ ဘာ့ကြောင့်ဒီလိုပြောလဲဆိုရင် အချို့တိုင်းဒေသကြီးတွေကျတဲ့အခါကျတော့ တစ်ခါတည်းကို သိန်း ၁၀၀၀ ရတယ်ဆိုရင် နှစ်ရာခိုင်နှုန်းဖြတ်ပြီး ယူထားရမယ်ဆိုတဲ့ဟာမျိုး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကပြောတဲ့အတွက် အဲ့ဒီအုပ်ချုပ်ရေးအဖွဲ့နဲ့ ဆက်စပ်နေတဲ့ စာရင်းစစ်အဖွဲ့များကလည်း 2 Percent မဖြတ်ထားဘူးဆိုရင်မရဘူး။ လက်မခံဘူးဆိုတာ စပြီးဆွေးနွေးတည်းကဖြစ်ပါတယ်။ ဒါဘယ်တိုင်းဘယ်နေရာမှာဆိုတာ ပြန်မေးကြည့်ရင်သိပါတယ်။

ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့က ဘာပဲဖြစ်ဖြစ် ဥပဒေရှိတာမှန်တယ်။ ဒီဥပဒေသည် အချိန်ကာလ၊ အခြေအနေပေါ်မူတည်ပြီးတော့ မှန်ကန်စွာ ကျင့်သုံးနိုင်ဖို့လိုတယ်။ တစ်ခါတည်း သိန်း ၁၀၀၀ က 2 Percent ဖြတ်လိုက်မယ်ဆိုတဲ့ဟာမျိုး မဟုတ်ဘူးဥပဒေရဲ့သဘောက။ ဒါပေမယ့် ခုနက သက်ဆိုင်ရာတချို့အာဏာပိုင်တွေက 2 Percent ဖြတ်ကိုဖြတ်ထားရမယ်ဆိုတဲ့အတွက် အဲ့ဒေသတွေမှာ အများကြီးလိုအပ်ခဲ့ပါတယ်။ ကဲဒါပဲ။ ဘာပဲဖြစ်ဖြစ် ဒီဆွေးနွေးမှုဟာ ကျွန်တော်တို့အတွက် အများကြီး တန်ဖိုးရှိပါတယ်။ ဒီပေါ်မှာမူတည်ပြီးတော့ ဥပဒေရဲ့အလိုအရကော၊ လက်ရှိကျွန်တော်တို့ ဒေသရဲ့ထူးခြားမှုအခြေအနေအရကော၊ ပြီးတဲ့အခါမှာ လုပ်ငန်းရဲ့သဘာဝအရ 2 Percent ဆိုတာ ကောက်ရမယ့်နေရာမှာ ကောက်လိမ့်မယ်။ ကောက်စရာမလိုတဲ့နေရာမှာ ခွင့်လွှတ်ပေးရမယ်ဆိုတဲ့ အယူအဆပေါ်မူတည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ကောက်ဖို့ဆိုရင်တောင် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဘယ်လိုမှကောက်နိုင်ဖွယ်မရှိဘူး။ ကဲဒီလောက်ဆိုလို့ရှိရင်တော့ ဟိုမေးတဲ့မေးခွန်းရော၊ ဖြေတာရော၊ ကျွန်တော်တို့ ဆွေးနွေးတာရော ထိုက်သင့်အားဖြင့်တော့ အကျိုးရှိမှာဖြစ်ပါတယ်။ လိုအပ်တာလည်း ကျွန်တော်တို့က ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**လောက်ကိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲအား ခရိုင်အဆင့်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိသော အဆောက်အအုံတစ်ခု ဆောက်လုပ်မည့် အစီအစဉ်များကို သိလိုသည့်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးကျော်နီနိုင်၊ လောက်ကိုင်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးကျော်နီနိုင်(လောက်ကိုင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်မှာ ဖွင့်လှစ်အသုံးပြုထားသော မြန်မာ့စီးပွားရေးဘဏ်အဆောက်အဦနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် ယခု အသုံးပြုနေသော မြန်မာ့စီးပွားရေးဘဏ်အဆောက်အဦသည် ယခင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းအိမ်ရာအတွင်း၌သာတည်ရှိပြီး အလျား ပေ ၈၀၊ အနံ ၁၉ ပေ၊ အမြင့် ၁၄ ပေ တစ်ထပ်အုတ်ညှပ်တစ်ဖက်ချော အဆောက်အဦအမျိုးအစားဖြစ်ပါတယ်။ နှစ် ၃၀ ဂရန်လည်းရရှိထားတဲ့မြေနေရာဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်တွင် မြို့နယ်ခွဲဘဏ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သော်လည်း ၎င်းအဆောက်အဦ၌ပင် ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ ထိုအဆောက်အဦတွင် ယခင် ဆေးဝါးစက်ရုံအတွင်းရှိ အဆောက်အဦဟောင်းတစ်ခုဖြစ်ပြီး နှစ်ကာလကြာမြင့်ပြီဖြစ်ပါသဖြင့် ဟောင်းနွမ်းပျက်စီးနေပြီဖြစ်ပါတယ်။ ဥပဓိရုပ်အားဖြင့်သော်လည်းကောင်း၊ ခိုင်ခံ့မှုအားဖြင့်သော်လည်းကောင်း လုံခြုံစိတ်ချရသည့်အနေအထားမှာ မရှိတော့ပါ။ သို့ဖြစ်ပါ၍ လောက်ကိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်အဆင့် စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိသော အဆောက်အဦတစ်ခုအဖြစ်ဆောက်လုပ်ပေးနိုင်မည့်အစီအစဉ်များနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဆီဆိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲအတွက် မြေနေရာနှင့် အဆောက်အအုံရရှိရေး စီစဉ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းကို၊ ဆီဆိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းကို(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ မင်္ဂလာပါလို့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို ဖြစ်ပါတယ်။ ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်ဟာ ယခင် မငြိမ်းချမ်းသောဒေသ၊ ဖွံ့ဖြိုးမှုနောက်ကျခဲ့သောဒေသတစ်ခုဖြစ်ပြီး ယခုငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးစဒေသတစ်ခုဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့

အတူ ဘဏ်လုပ်ငန်းများသည်လည်း ကျွဲကူးရေပါ မဖြစ်မနေတိုးချဲ့ဆောင်ရွက်ရမယ်လို့ ထင်မြင်ယူဆပါသည်။ ဆီဆိုင်မြို့နယ် ငွေတိုက်ခွဲကို ၁-၁၀-၁၉၉၆ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ဧည့်ရိပ်သာအောက်ထပ်မှာ ယနေ့တိုင် ငှားရမ်းဖွင့်လှစ်နေရပါတယ်။ ၁-၄-၂၀၁၂ မှာ ငွေတိုက်ခွဲအဆင့်မှ မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ဘဏ်လုပ်ငန်းများသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကာ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ ယခင်ထက် အဆင်ပြေနေကြသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတကာမှဘဏ်များ ဝင်ရောက်ဖွင့်လှစ်ရန် တာစူနေတဲ့အချိန်အခါမှာ ဆီဆိုင်မြို့နယ် ငွေတိုက်ခွဲမှ မြို့နယ်ဘဏ်ခွဲသို့ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်မှာ ၁၉ နှစ်ကြာမြင့်လာခဲ့သော်လည်း ဌာနပိုင်မြေနှင့် အဆောက်အဦမရှိသေးကြောင်း တွေ့ရှိနေရပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (က) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲအတွက် မြေနေရာနှင့် အဆောက်အဦရရှိရေး စီစဉ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလနည်း။ မရှိပါက အဘယ်ကြောင့်နည်း။ ရိုသေလေးစားပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနက တပေါင်းတစ်စည်းတည်း ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်သိန်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်နီနိုင်နှင့် ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုတို့ရဲ့မေးခွန်းကို တပေါင်းတည်းဖြေပေးပါ့မယ်။ လောက်ကိုင်မြို့နယ်မှာရှိတဲ့ ဘဏ်ခွဲအနေနဲ့ကတော့ လောလောဆယ်မှာ ကျွန်တော်တို့ ခရိုင်အဆင့်တော့ မပေးသေးပါဘူး။ သူ့ရဲ့အခြေအနေပေါ်မူတည်ပြီးတော့ မြို့နယ်အဆင့်ပဲထားပါတယ်။ သို့သော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မှန်ကန်စွာထောက်ပြသလိုပါပဲ။ ဥပမိရုပ်တော်တော်ပျက်နေတဲ့ အဆောက်အအုံဖြစ်တဲ့အတွက် ဒါကို ကျွန်တော်တို့ လာမယ့်ဘဏ္ဍာရေးနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတောင်းခံပြီးတော့ ပြုပြင်တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကိုရဲ့ မေးခွန်းနဲ့ပတ်သက်လို့ကတော့ ဒါလည်းပဲ မှန်ကန်စွာထောက်ပြထားတဲ့အချက်ဖြစ်ပါတယ်။ သူ့မှာ သီးသန့်ရုံးမရှိသေးပါဘူး။ မရှိသေးတဲ့အတွက်ကြောင့် မြေနေရာကိုလျှောက်ထားပြီးတော့ ရှာဖွေပြီး သင့်တော်တဲ့မြေနေရာရရှိလို့ရှိရင် လာမယ့်ဘဏ္ဍာရေးနှစ်မှာပဲ ကျွန်တော်တို့ ရန်ပုံငွေတောင်းခံပြီးတော့ တည်ဆောက်ပေးသွားမှာဖြစ်တဲ့အကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က နိုင်ငံတော်အတွင်း ကြေးနီမိုင်းတူး၍ ဖြစ်ပေါ်လာသော ကျင်းချိုင့်ကြီးများ၏ အန္တရာယ်ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးတင်မောင်ဦးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာမှာ သတ္တုတွင်းများ တူးဖော်ထုတ်လုပ်ခြင်းနဲ့ပတ်သက်ပြီးတော့ ၂၀၀၂ ခုနှစ်မှာ G 8 အစည်းအဝေးကို လန်ဒန်မှာ ကျင်းပပြုလုပ်ပါတယ်။ ဒီအစည်းအဝေးမှာ ဗြိတိသျှဝန်ကြီးချုပ်ဟောင်း တိုနီဘလဲကနေပြီးတော့ EITI အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့ဟာ ယနေ့နော်ဝေးနိုင်ငံမှာ နိုင်ငံပေါင်း ၄၁ နိုင်ငံနှင့် ဖွဲ့စည်းပြီးတော့ သတ္တုတူးဖော်မှုနှင့်ပတ်သက်ပြီး တော့ စနစ်တကျနှင့် ထင်သာမြင်သာရှိဖို့အတွက် တွန်းအားပေးဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ သတ္တုတူးဖော်မှုနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်အတွင်း ကြေးနီမိုင်းတူး၍ဖြစ်ပေါ်လာသော ကျင်းချိုင့်ကြီးများရဲ့အန္တရာယ်ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြေးနီမိုင်းတူးခြင်းဟာ အဓိကအားဖြင့် ကြေးနီတူးဖော်ထုတ်လုပ်ခြင်းဖြစ်သော်လည်း ရွှေ၊ ငွေနှင့် အခြားသတ္တုများလည်း ထုတ်လုပ်နိုင်ပါတယ်။ ဒီလိုမိုင်းတူးတဲ့အခါမှာ မြေအောက်ဥမင်လှိုဏ်ခေါင်းကို ဖောက်ပြီးတော့ တူးတဲ့ Underground Mining နှင့်အမိုးဖွင့်ချိုင့်ဝှမ်းအဖြစ်တူးတဲ့ Open Pit Type တူးတဲ့ Mining ဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ ကမ္ဘာမှာ များသောအားဖြင့် ဒုတိယအမျိုးအစားက ကုန်ကျစရိတ်သက်သာပြီးတော့ အန္တရာယ်နည်းတဲ့အတွက်ကြောင့် အသုံးများကြပါတယ်။ အမိုးဖွင့်ချိုင့်ဝှမ်းအဖြစ်တူးဖော်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့၊ ကြီးမားတဲ့ချိုင့်ဝှမ်းကြီးတွေကို Open Pit လို့လည်းကောင်း၊ ရေတွေပြည့်လာပြီးတော့ ကျင်းချိုင့်ရေအိုင်အဖြစ်နဲ့ဖြစ်လာတဲ့ ရေကန်တွေကို Pit Lake ဆိုပြီးတော့ ခေါ်ကြပါတယ်။ ဒီကျင်းချိုင့်ရေတွေဟာ ပတ်ဝန်းကျင်အတွက် ကြီးမားပြီးတော့ ပြင်းထန်တဲ့ဆိုးကျိုးတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒီကျင်းချိုင့်ရေပုပ်အိုင်မှာ ရေတွင်ပျော်ဝင်နေတဲ့ အောက်ဆီဂျင်နဲ့ သတ္တုယမ်းတွေ ကျင်းချိုင့်ရဲ့ ကျောက်သားနံရံကနေထွက်လာတဲ့ ပါလပိုက်၊ ဆာလဖိုက်သတ္တုကို ဆွေးမြေ့စေပြီးတော့ အက်စစ်များကို ဖြစ်ပေါ်စေပါတယ်။ ပုံမှာ ကျွန်တော်တို့ တင်ပြထားတဲ့အတိုင်း ဒီကျင်းချိုင့်ရေအိုင်ကြီးများကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလိုနဲ့ ကျင်းချိုင့်ရေပုပ်အိုင်ကြီးဟာ ငရဲမီးတွေပါဝင်တဲ့ အန္တရာယ်ရှိစေတဲ့ ဓာတုဗေဒပစ္စည်းတွေဖြစ်တဲ့

အက်စစ်နှင့် ကယ်ဒမီယံ၊ သွပ်၊ ဆာလဖျူရစ်အက်စစ် စတဲ့ အများအပြားပါဝင်ကြောင်းလည်း တွေ့ရှိရပါတယ်။ ဒီကျင်းချိုင့်ရေပုပ်အိုင်ကြီးများဟာ ပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိသတ္တဝါတွေ၊ အပင်တွေအားလုံးကို မခန့်မှန်းနိုင်လောက်အောင် အန္တရာယ်များကိုဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အမေရိကန်မှာရှိတဲ့ ဘတ်ဒေသက ဘာကလေကျင်းချိုင့်ရေအိုင်တွေဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဥပမာတင်ပြရရင် ဒီကျင်းချိုင့်ရေအိုင်က အမေရိကန်နိုင်ငံ၊ မွန်ဒါနားပြည်နယ်အနောက်တောင်ဘက်မှာရှိပြီးတော့ ဘတ်ဒေသ ဘာကလေ ကျင်းချိုင့်အိုင်လို့ ဆိုပါတယ်။ ဒီဒေသမှာ ကမ္ဘာပေါ်မှာရှိတဲ့ ရွှေ၊ ငွေ၊ ကြေးနီအများဆုံးထွက်ပါတယ်။ ဘတ်ဒေသဟာ ပထမကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်းမှာ လူဦးရေ ငါးသောင်းလောက်နေနိုင်ပြီးတော့ နောက်ဆုံးမှာ ဘတ်ဒေသဟာ နှစ်ပေါင်း ၇၀ လောက်မှာ ဒီလိုဖုက်ခေါင်းစနစ်နှင့် တူးတဲ့အန္တရာယ်ကို ကျရောက်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ၁၉၅၅ ခုနှစ်မှာ စတင်လာပြီးတော့ ကျင်းတွေကျယ်လာပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ အနားမှာရှိတဲ့ မြို့ကြီးနှစ်မြို့ကို ဝါးမျိုသွားခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်မှာ ၂၇ နှစ်ကြာလာတဲ့အတွက်ကြောင့် မိုင်းတူးခြင်းရဲ့ဆိုးကျိုးအဖြစ်နဲ့ ဥမင်လိုဖုက်ခေါင်း မိုင်ပေါင်း တစ်သောင်းကျော်လောက်နှင့် တစ်မိုင်ရှည်ပြီးတော့ မိုင်ဝက်ကျယ်ပြီး အနက်ပေ ၁၇၈၀ ပေနက်တဲ့ ဘာကလေချိုင့်ကြီးကို တင်ပြပါအတိုင်း ကြာမြင့်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီချိုင့်ကြီးဟာ မြေဧရိယာ ၆၇၅ ဧက၊ ကြေးနီ တန်ချိန်သန်းပေါင်း ၃၂၀၊ အညစ်အကြေးကျောက်တုံးတန်ချိန် သန်း ၇၀၀ ထွက်ခဲ့ပါတယ်။ ဒီရေပုပ်အိုင်ကြီးကနေ တင်ပြခဲ့တဲ့အတိုင်း အန္တရာယ်ဖြစ်စေတဲ့ အာဆင်းနစ်၊ ကယ်လမီယံ၊ သွပ်၊ ဆာလဖျူရစ်အက်စစ် စသဖြင့် ဒါတွေထွက်ရှိလာပါတယ်။ လုပ်ငန်းပြီးဆုံးလို့ စွန့်ပစ်ထားတဲ့ မြေအောက်ကနေ ရေတွေစိမ့်ဝင်ပြီးတော့ ကျင်းချိုင့်ထဲမှာ တစ်လမှာ တစ်ပေနှုန်း၊ တစ်ပေနှုန်း ရေတွေမြင့်တက်လာပါတယ်။ ငရဲမီးတွေပါတဲ့အတွက်ကြောင့် ရေပုပ်အိုင်အတွင်းမှာ ဂါလန်ပေါင်း ၂၆ ဘီလီယံလောက် ရောက်ရှိနေတာကို တွေ့ရပါတယ်။ ၁၉၈၂ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်အတွင်းမှာ ပိုမိုပြီးတော့ဆိုးရွားလာတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ လွန်ခဲ့တဲ့နှစ်အနည်းငယ်မှာ ဒီရေကန်ထဲကိုရောက်လာတဲ့ ဘဲငန်းအုပ် ၃၄၂ ကောင် သေဆုံးပါတယ်။ ဒီဘဲငန်းအုပ်ကို လေ့လာကြည့်တဲ့အခါမှာ ဘဲငန်းရဲ့ခန္ဓာကိုယ်အတွင်းမှာ အက်စစ်တွေစားပြီးတော့ မီးလောင်ဒဏ်ရာနဲ့ ပြည်တည်တာကြောင့် သေဆုံးခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီအခြေအနေမြင့်တက်လာမှုအတွက် အမေရိကန်နိုင်ငံအနေနဲ့ ရေပုပ်တွေကိုတစ်မိနစ်မှာ ဂါလန် ၃၀၀၀၀ လောက်အထိ စက်တွေနဲ့စုပ်ပါတယ်။ နောက်ဆုံးမနိုင်တဲ့အတွက်ကြောင့် ၁၈ ဘီလီယံအကုန်ခံပြီးတော့ ရေသန့်စက်

များထူထောင်ပြီးတော့ ပြန်လည်လုပ်နေပါတယ်။ ၂၀၂၃ ခုနှစ်မှာ အားလုံးရေသန့်အဖြစ် ပြောင်းလဲမယ်လို့ သိရပါတယ်။

အလားတူ အမေရိကန်နိုင်ငံမှာလည်း အလားတူပဲ ကျွန်တော်တို့ မင်ဂရာမိုင်းနင်းချိုင့်ကြီးရှိပါတယ်။ သူလည်းအလားတူ ပတ်ဝန်းကျင်ကို များစွာထိခိုက်ပျက်စီးတဲ့အတွက်ကြောင့် ကျွန်တော် အသေးစိတ်တော့ မတင်ပြတော့ပါဘူး။ ဒါနဲ့အလားတူ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဖားကန့်ဒေသ၊ မိုင်းရှူးဒေသ၊ ရမည်းသင်းဒေသ၊ မော်ချီးဒေသ၊ ထားဝယ်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသတွေမှာ ကျောက်မိုင်း၊ ရွှေမိုင်းတွေရှိပါတယ်။ ဒီထဲမှာ ဥပမာထုတ်နှုတ်ပြီးတော့ တင်ပြရရင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာကြေးစင်တောင်ဟာ ၁၉၉၀ ပြည့်နှစ်မှာ မိုင်းတူးခြင်းစတင်ခဲ့ပါတယ်။ ဒီကြေးနီမိုင်းမှာ အမိုးဖွင့် စနစ်နဲ့တူးပါတယ်။ စံပယ်တောင်ကြေးနီမိုင်းတူးခြင်းကတော့ ပြီးစီးပြီးတော့ စံပယ်ချိုင့်ဝှမ်းတွေ စတင်ဖြစ်ပေါ်နေတာကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ကြေးစင်တောင်လည်း ဆောင်ရွက်ဆဲဖြစ်ပြီးတော့ လက်ပံတောင်းတောင်ကတော့ စီမံဆဲပဲဖြစ်ပါတယ်။ ဒီနေရာမှာ အနာဂတ်နိုင်ငံတော်အတွက် စဉ်းစားသုံးသပ်မှုမှာ တန်ဖိုးရှိပြီးတော့ အရေးပါကြဖို့လိုမယ်လို့ တွေ့မြင်ရပါတယ်။ စံပယ်တောင်နှင့် ကြေးစင်တောင်သတ္တုစီမံကိန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ကုမ္ပဏီတစ်ခုဖြစ်တဲ့ မြန်မာယန်စီကုမ္ပဏီတို့ကနေ ဆောင်ရွက်တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုရပါတယ်။ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှာ ၂၅ နှစ်သက်တမ်းနှင့် ဧကပေါင်း ၆၂၅၃.၀၄ ဧကကို လုပ်ခွင့်ရပါတယ်။ တစ်လမှာ သတ္တုယမ်းတန်ချိန် ရှစ်သန်းထွက်ပြီးတော့ စွန့်ပစ်မယ့်မြေဇာကနေ သတ္တုယမ်းတန်ချိန် တစ်သန်းခွဲထုတ်ယူမှာဖြစ်ပါတယ်။ တစ်ရက်မှာ ကြေးနီတန်ချိန် ၇၀၊ တစ်လမှာ တန်ချိန် ၂၁၀၀ အထိ ရရှိမှာဖြစ်ပါတယ်။ ကျွန်တော် ဒီအဆိုကိုတင်သွင်းတဲ့ ဧပြီလ ၁၈ ရက်နေ့မှာ ကြေးနီတစ်တန် တန်ဖိုးဟာ ၆၆၄၇ ဒေါ်လာဖြစ်တဲ့အတွက်ကြောင့် တစ်ရက်မှာ သိန်းပေါင်း လေးသိန်းကျော် ထုတ်ယူရမှာဖြစ်ပါတယ်။ နေ့စဉ် ရေဂါလန်ပေါင်းများစွာ စွန့်ပစ်မြေပေါင်းများစွာရှိတဲ့အတွက်ကြောင့် နောင်အနာဂတ်မှာ ကျွန်တော်တို့နိုင်ငံအတွက် အန္တရာယ်များစွာဖြစ်စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီထဲကနေပြီးတော့ ရေသန့်တွေကိုတော့ ယမားချောင်းကို ပို့ပါတယ်။ ကျန်တဲ့ ရေတွေကို PH Level ကိုက်အနေနဲ့ ကွမ်းပင်တွေစိုက်ပျိုးတယ်၊ ငါးတွေမွေးတာကို လုပ်ပါတယ်။ သို့သော် လောလောဆယ်မှာတော့ အန္တရာယ်မရှိသေးသော်ငြားလည်း အနာဂတ်မှာ ကျွန်တော် တင်ပြသလို အခြားနိုင်ငံများရဲ့ ကျင်းများလိုပဲ အန္တရာယ်ဖြစ်လာမှာကို တွေ့ရှိရပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် သတ္တုသယံဇာတတူးဖော်ခြင်းလုပ်ငန်းတွေကို လုပ်ကိုင်ကြရဦးမှာဖြစ်ပါတယ်။ ဒီနေရာမှာ သဘာဝပတ်ဝန်းကျင်မထိခိုက်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ကြေးနီမိုင်းတွေကို ကျွန်တော် ဥပမာပေးတင်ပြခဲ့တဲ့ ဘာကလေနဲ့ ဘန်ကန်ကြေးနီမိုင်းတွေရဲ့သင်ခန်းစာယူဖို့လိုပါတယ်။ အခြားနိုင်ငံတွေရဲ့ အတွေ့အကြုံရယူပြီးတော့ ကြိုတင်ပြင်ဆင်မှုတွေမလုပ်ဖူးဆိုရင် အခုတင်ပြသွားတဲ့ စံပယ်တောင်၊ ကြေးစင်တောင်၊ လက်ပံတောင်းတောင်နှင့် အခြားဒေသမှာရှိတဲ့ ကျင်းချိုင့်ရေအိုင်ကြီးများသည် နောင်အနှစ် ၃၀ မှာ အက်စစ်အဖြစ်ပြောင်းလဲပြီးတော့ မြန်မာနိုင်ငံအတွင်းမှာစီးဆင်းနေတဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ် ဒီနေရာမှာ ဝင်ရောက်ပြီးတော့မှ သက်ရှိတွေကို အန္တရာယ်ပေးမှာဖြစ်ပါတယ်။ အနာဂတ်ကာလမျိုးဆက်တွေအတွက် အန္တရာယ်ကို ကြိုတင်သိရှိနေပါလျက်နှင့် လက်ရှိအတိုင်းထားမယ်ဆိုရင် နိုင်ငံတော်အတွက် အန္တရာယ်ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ နိုင်ငံတော်အတွင်း ကြေးနီမိုင်းတူး၍ ဖြစ်ပေါ်လာသော ကျင်းချိုင့်ကြီးများရဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဦး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးလွင်ဦး(သန်လျင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြုပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး တင်သွင်းခဲ့တဲ့ နိုင်ငံတော်အတွင်း ကြေးနီမိုင်းတူး၍ ဖြစ်ပေါ်လာသော ကျင်းချိုင့်ကြီးများ၏အန္တရာယ်ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်မှ စဉ်းစားဆွေးနွေးနိုင်ရန်အတွက် ကျွန်တော် သန်လျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦးက ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး သတ္တုတွင်းဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သနှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ နိုင်ငံတော်အတွင်း ကြေးနီမိုင်းတူး၍ ဖြစ်ပေါ်လာသော ကျင်းချိုင့်ကြီးများရဲ့အန္တရာယ်ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ တင်ပြသွားခဲ့တဲ့အချက်အလက်များဟာ နိုင်ငံတော်ရဲ့အကျိုး၊ ဒေသပြည်သူများရဲ့အကျိုးအတွက် စိတ်ရင်းစေတနာထားပြီး တင်ပြသွားကြောင်း တွေ့ရှိရပါတယ်။ တင်ပြချက်များဟာလည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သတိကြီးစွာထားရမယ့် သင်ခန်းစာများ၊ သင်ခန်းစာရယူရမယ့်အချက်များ ပါဝင်ပြီးအင်မတန်မှ ကောင်းမွန်တဲ့တင်ပြချက်များဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြုချက်ပါ ကျင်းချိုင့်ကြီးများရဲ့အန္တရာယ်အပါအဝင် မိုင်းလုပ်ငန်းများနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနက ပြဋ္ဌာန်းထားတဲ့ဥပဒေများ၊ နည်းဥပဒေများနဲ့အညီ စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ထိုသို့ မိုင်းလုပ်ငန်းများဆောင်ရွက်ကြတဲ့အခါမှာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးစေရန် နိုင်ငံတကာက အသိအမှတ်ပြုထားတဲ့ တတိယအဖွဲ့အစည်းများအနေနဲ့လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို နည်းနိုင်သမျှ အနည်းနိုင်ဆုံးဖြစ်အောင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြပါတယ်။ ဝန်ကြီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ မရှိစေရေးအတွက် တင်ပြပါတတိယအဖွဲ့အစည်းများရဲ့ တင်ပြချက်များ၊ အကြံပြုချက်များကိုရယူပြီး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်းဆုံးစီမံညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ဖြေကြားရင်းနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုကို မှတ်တမ်းတင်ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးတင်မောင်ဦးရဲ့သဘောထားပြောပါ။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနရဲ့ပြန်ကြားချက်ကိုသဘောတူပါတယ်။ နိုင်ငံတော်အတွက် အမှန်တကယ်ဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက်ကြောင့် မှတ်တမ်းတင်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်မောင်ဦးတင်သွင်းသွားတဲ့အဆိုကို သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူမှာဖြစ်ပါတယ်။ ဦးတင်မောင်ဦး တင်သွင်းတဲ့အဆိုဟာ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးစီးပွားအတွက် ဖြစ်ထွန်းစေသော အဆိုဖြစ်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကမ္ဘာကအသိအမှတ်ပြုထားသော အဖွဲ့အစည်းများနှင့်ပေါင်းစပ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းလည်း တင်ပြဆွေးနွေးသွားပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိဖို့လည်း သက်ဆိုင်ရာပြည်ထောင်စုအဆင့်က ဆွေးနွေးသွားပါတယ်။ အဆိုရှင် ဦးတင်မောင်ဦးကလည်း ဒီလိုဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ထားရှိမှုကို ကျေနပ်လက်ခံကြောင်းလည်း ပြောပါတယ်။ ဒါကြောင့် ဦးတင်မောင်ဦး တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ဖြစ်သော ၁-၇-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၄-၇-၂၀၁၄ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်ရမှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည် ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးတို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က လိုအပ်က ဆွေးနွေးရှင်းလင်းခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် သုံးချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့

လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်သုံးချက်အား လွှတ်တော်သို့ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဆိုပါ ပြင်ဆင်ရန်တင်ပြချက်သုံးချက်တို့မှာ ဖြန့်ဝေထားသည့် ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၁) အမှတ်စဉ်(၁) ဥပဒေခေါင်းစီး၊ စာမျက်နှာ(၁) အမှတ်စဉ်(၂) အပိုဒ် ၁၊ စာမျက်နှာ(၁) အမှတ်စဉ်(၃) အပိုဒ်၂ တို့အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစာစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၃ ချက်အား တင်ပြခဲ့တဲ့ ဇယားများနှင့် ရှင်းလင်းတင်ပြခဲ့တဲ့ အချက် ၃ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၃ ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးက ပြင်ဆင်ချက် နှစ်ချက်အား တင်သွင်းဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားကြည့်မယ်ဆိုရင် စာမျက်နှာ(၂) မှာ ရှိပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(ဂ)နဲ့ ဥပဒေပုဒ်မ ၂၆ ပုဒ်မခွဲ(ခ)မှာပါတဲ့ စာသားကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ မူရင်းစာသားမှာဆိုရင် အခါအားလျော်စွာစစ်ဆေးခြင်းဆိုတဲ့ စာသားကို ကျွန်တော့်အနေနဲ့ ပုံမှန်စစ်ဆေးခြင်းနဲ့ အထူးစစ်ဆေးခြင်းဆိုတဲ့စကားရပ်နဲ့ အစားထိုးပြင်ဆင်ခြင်း ဖြစ်ပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းအရင်းကတော့ စာရင်းစစ်များရဲ့ လုပ်ငန်း

ဆောင်ရွက်ချက်များဟာဆိုလို့ရှိရင် Check and Balance ဖြစ်ဖို့လိုပါတယ်။ အခုမူရင်း ပြဋ္ဌာန်းချက်မှာ အခါအားလျော်စွာဆိုတဲ့ စကားရပ်ဟာ မသေချာမရေရာတဲ့ စကားရပ်တစ်ခုဖြစ်နေပါတယ်။ ဒါကြောင့် စစ်ဆေးတဲ့လုပ်ငန်းအားလုံးကို တာဝန်ရှိသူအဆင့်ဆင့်ကနေပြီးတော့ Check, Recheck, Counter Check ပုံမှန်ပြုလုပ်သွားဖို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ထားရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်စိုး အခုတင်ပြတာ ကန့်လန့်ဖြတ်ဇယား(၂)အမှတ်စဉ်(၄)၊ အမှတ်စဉ်(၅)ကို တစ်ပေါင်းတစ်စည်းတည်း တင်ပြတာပါလား။ ဒါ့ကြောင့် ဦးမောင်မောင်စိုးက အခုလိုတင်ပြထားပါတယ်။ ဒီတင်ပြချက်ပေါ်မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက သဘောတူပါလား။

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက သဘောတူပါတယ်။ ဦးမောင်မောင်စိုး၊ သာကေတရဲ့ ပြင်ဆင်ချက်နှစ်ခုအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်မောင်စိုး၊ သာကေတမဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်နှစ်ခုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်မို့လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်များအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် စာရင်းများကို စစ်ဆေးတဲ့အခါမှာ ပုံမှန်စစ်ဆေးခြင်း၊ အထူးစစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခွင့်ရှိကြောင်းနှင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနဲ့ သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးတို့က ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်

**မူကြမ်း**

များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ ဒသမပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ၂၆-၆-၂၀၁၄ ရက်နေ့မှာ ပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်း အဝေး၌ မူဆယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်ရဲ့ တရုတ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်သွားရောက်နိုင်ရေး၊ ထိုသို့ အလုပ်သမားများအတွက် အထောက်အထားလက်မှတ်များ ထုတ်ပေးနိုင်ရေးနှင့် နှစ်နိုင်ငံ အကြားအလုပ်သမားများ ခန့်အပ်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU) များ၊ လက်မှတ်ရေးထိုးရေး စသည်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက မည်သို့စီစဉ်ဆောင် ရွက်ပေးနိုင်မည်နှင့် မည်သို့စီစဉ်ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းခဲ့ပါတယ်။ ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထင်အောင်က ဖြေကြားရာတွင် နောင်တစ်ချိန်မှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဘက်က မြန်မာနိုင်ငံဘက်မှ အလုပ်သမားများကို တရားဝင်ခေါ်ယူကမ်းလှမ်းမှုများပြု လုပ်လာလျှင် မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများနည်းတူ နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးကာ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်မည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။

**မူကြမ်း**

ဒါနဲ့ပတ်သက်ပြီးလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို သဝဏ်လွှာပေးပို့ခဲ့ပါတယ်။ အပိုဒ် ၁ မှာတော့ ခုနက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ဖော်ပြထားပါတယ်။ အပိုဒ် ၂ မှာလည်း ခုနကတင်ပြထားတဲ့အတိုင်း ဖော်ပြခဲ့ပါတယ်။ အပိုဒ် ၃ မှာဆက်လက်ပြီး ယင်းမေးမြန်းချက်နဲ့စပ်လျဉ်း၍ လွှတ်တော်အစိုးရသက်ဆိုင်ရာဝန်ကြီးဌာနများက မိမိနိုင်ငံသားများရဲ့ မူလအခွင့်အရေးမဆုံးရှုံးစေရေးအတွက် အဖြေရှာစဉ်းစားရန်လိုအပ်မည်ဖြစ်ပါကြောင်း ယူဆပါတယ်။ အပိုဒ် ၄ မှာတော့ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတနှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အလေးပေးရမည့်ကိစ္စရပ်တစ်ရပ်ဖြစ်ပါ၍ သုံးသပ်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့ပါတယ်ဆိုပြီးတော့ ၂၇-၆-၂၀၁၄ ရက်နေ့မှာ နိုင်ငံတော်သမ္မတထံပေးပို့ထားကြောင်းလွှတ်တော်ကို တင်ပြအစီရင်ခံပါတယ်။ ထို့အတူပဲ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှာ နိုင်ငံတော်သမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အကြောင်းအရာ သဝဏ်လွှာပေးပို့ခြင်းဆိုပြီးတော့ ကျွန်တော်က လက်မှတ်ရေးထိုးပြီးတော့ ပေးပို့ထားတာရှိပါတယ်။

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ၃-၇-၂၀၁၄ ရက်နေ့တွင် ပြုလုပ်သော အစည်းအဝေး၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင်ငွေစရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းမှ လွှတ်တော်ဥက္ကဋ္ဌ၏ချီးမြှင့်ငွေမှာ ၃၅ သိန်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေမှာ ၃ သိန်းသာရှိ၍ ကွာဟမှုရှိကြောင်း၊ နိုင်ငံတော်မှ လစာတိုးပေးသည့်အခါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေထက် မူလတန်းဆရာလစာက ပိုများနေကြောင်း၊ ပြည်နယ်ဦးစီးမှူးလစာမှာ ၃ သိန်း ၅ သောင်းကျပ်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များထက်များနေသောကြောင့် ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေကို ပြင်ဆင်သင့်ကြောင်း တင်ပြထားပါတယ်။

၂။ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခြင်းမှာ ဆောင်ရွက်ခွင့်ရှိ/မရှိ၊ ဥပဒေနှင့်ညီ/မညီ၊ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီမှုရှိ/မရှိအပြင် ပြည်သူ့ဘဏ္ဍာငွေဖြစ်သည့်

**မူကြမ်း**

အတွက် နိုင်ငံတော်ပြည်သူများ၏ အမြင်နှင့် သဘောထားဆန္ဒများကိုလည်း ကျယ်ပြန့်စွာ စဉ်းစား ဆွေးနွေးဆုံးဖြတ်ရန်လိုအပ်သည်ဟုယူဆပါ၍ ထိုအကြောင်းအရာကိစ္စအား ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နှင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီတို့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့မှ တာဝန်ရှိ အဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းပြီးမှ သက်ဆိုင်သည့်လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်ဟုယူဆ ပါသဖြင့် ဤကိစ္စအားညှိနှိုင်းပြီး ဆောလျင်စွာ လွှတ်တော်သို့တင်ပြ၍ လွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးမျှတစွာရရှိနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့ပါ သည်။

၃။ သို့ဖြစ်ပါ၍ သိရှိနိုင်ပါရန်နှင့် ဤကိစ္စအတွက် အစိုးရမှ ပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါတယ်။ ပူးတွဲပါ ဒေါ်ဇာတလဲမ်း၏ ပြောကြားဆွေးနွေးချက်တစ်စောင်၊ ဥက္ကဋ္ဌ ၏ပြောကြားချက်တစ်စောင်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ကိုယ်စားလှယ်များ ချီးမြှင့် ငွေစရိတ်တစ်စောင်၊ ပြည်ထောင်စုအဆင့် ချီးမြှင့်ငွေစရိတ်တစ်စောင်ဆိုပြီး ကျွန်တော်လက်မှတ်ရေးထိုး ပြီးတော့ နာယက ပြည်ထောင်စုလွှတ်တော်၊ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ပေးပို့ထားပါတယ်။

ဒီဟာတွေဟာ လွှတ်တော်ကို အခုလိုတင်ပြခြင်းဟာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြ ချက်များ မေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ အလေးထားပါကြောင်းနဲ့ သက်ဆိုင်တဲ့မေးခွန်းများ မှတစ်ဆင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံနှင့်နိုင်ငံသားများအကျိုးစီးပွားအတွက် မနစ်နာစေရေးအတွက်ကို လည်းပဲ ဆက်လက်ဆောင်ရွက်ထားသလို လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးများ မှန်ကန် မျှတစွာရရှိရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ထားပါကြောင်း အသိပေးတင်ပြခြင်းပဲ ဖြစ်ပါ တယ်။ အခုလို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်ကျင်းပနေစဉ်ကာလများအတွင်း ဆောလျင်စွာ လွှတ်တော်ကို တင်ပြနိုင်ဖို့ အတွက်လည်း သက်ဆိုင်ရာ ကော်မတီ/ကော်မရှင်များကို တာဝန်ပေးမေတ္တာရပ်ခံထားပါတယ်။ လုပ်ငန်းတစ်ခုက အစရှိလို့ရှိရင် အဆုံးထိအောင်မြင်အောင်ဆောင်ရွက်ဖို့ လွှတ်တော်ကိုယ်စားလှယ် များမှာ တာဝန်ရှိသလို ကျွန်တော့်မှာလည်း တာဝန်ရှိတဲ့အတွက် ဒီလိုဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မှန်မှန်ကန်ကန်ပါဝင်ဆောင်ရွက်နိုင်ဖို့ တင်ပြလိုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်(အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း ၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**